ကပြင်ရပ်ဝန်း

ISP Insight Email

အတွဲ-၂၊ အမှတ်-၆ • အောက်တိုဘာ ၁၅ ရက်၊ ၂၀၂၄ ခုနှစ်

ISP Series

# ဘေးနှစ်သွယ်အမြွှာဆင့်ချိန်

## ဥတုကပ်ဘေးနှင့် သတိပြုဖွယ်သုံးချက်

စစ်ဘေးနှင့် ဥတုကပ်ဘေးကို ရင်ဆိုင်နေရချိန်တွင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း နေ့စဉ်ဘဝငြိမ်းချမ်းရေး(everyday peace) အတွက် ချန်ပီယံကောင်းများ ပေါ်ထွက်ရန် လိုအပ်နေပါသည်။



၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၃ ရက်က နေပြည်တော် ဖျဉ်းမနားမြို့နယ်အတွင်း ရေကြီးမှုကြောင့် တိမ်းရှောင်လာရသူများ။

Sai Aung MAIN / AFP

## အယ်ဒီတာမှတ်စု

**EDITOR'S NOTE**

ကမ္ဘာမှာ မြန်မာဟာ သဘာဝဘေးအန္တရာယ်ကို ခံရနိုင်ခြေအရှိဆုံး၊ ခံနေရဆုံး နိုင်ငံတခု ဖြစ်ပါတယ်။ '၂၀၀၈ နာဂစ်မုန်တိုင်း'ကစလို့ '၂၀၁၅ ရေကြီးမှု'နဲ့ '၂၀၂၃ မိုခါမုန်တိုင်း' အလယ်၊ အခုနောက်ဆုံး အပျက်အစီးနဲ့ လူအသေအပျောက်များခဲ့တဲ့ တဟုန်ထိုး ရေကြီး ရေလျှံမှုတွေ ဒါတွေဟာ မြန်မာနိုင်ငံအပေါ်မှာ ဆိုးရွားတဲ့သဘာဝဘေးဒဏ်တွေ ခြိမ်းခြောက် နေပြီဆိုတာကို ခေါင်းလောင်းထိုး မီးမောင်းထိုးပြခဲ့ပြီးပါပြီ။ ဒီနှစ်ထဲမှာတင် အယ်လ်နီညိုလို အစွန်းရောက်ရာသီဥတုကြောင့် စံချိန်တင် အပူတွေ၊ ရေကြီးမှုတွေ ကြုံတွေ့ခဲ့ရပြီး မကြာခင် ထပ်ဝင်လာမယ့် လာနီညာကြောင့်လည်း သဘာဝဘေးဒဏ်ခံရကြပြန်ပါဦးမယ်။ နောင်မဝေး တော့တဲ့ နှစ်တွေအတွင်းမှာ ဒေသတချို့မှာက ဥတုကပ်ဘေးတွေကြောင့် လူတွေနေထိုင်လို့ မရတော့မယ့် အန္တရာယ်တွေက ကြီးမားလွန်းပါတယ်။

ဥတုကပ်ဘေးတွေ ဆင့်ကဲဖြစ်နေချိန်မှာ စစ်ဘေးကိုလည်း တနိုင်ငံလုံး ရင်ဆိုင်နေကြရပါ တယ်။ စစ်ရေးစစ်ရာ လုံခြုံရေးအမြင်က ရှေ့တန်းရောက်နေတော့ လူ့အဖွဲ့အစည်းအတွင်း နိစ္စဓူဝရင်ဆိုင်နေရတဲ့ လူမှုဒုက္ခတွေက ဘေးကိုရောက်သွားရပါတယ်။ စစ်အုပ်ချုပ်မှုကြီးစိုး နေတာကြောင့် မိတ်ဆွေနိုင်ငံတွေလည်း မဲ့ခဲ့ရပြီး နိုင်ငံတကာအကူအညီကလည်း လောက် လောက်လားလား မရှိတော့ပါဘူး။ တဖက်မှာ စစ်ပွဲတွေအတွင်း ဗုံးကြဲ၊ မီးရှို့၊ သတ်ဖြတ်၊ ဖမ်းဆီးတာတွေအပြင် အတင်းအကျပ်စစ်မှုထမ်းစေတာတွေ စတဲ့ ဖိနှိပ်ရက်စက်မှုတွေ၊ တဖက်မှာက သယံဇာတတွေကို အထိန်းအကွပ်မဲ့ ထုတ်ယူနေမှုနဲ့ ဆိုးရွားပြင်းထန်လှတဲ့ ဥတုရာသီဖောက်ပြန်မှုတွေ၊ ဒါတွေကြားထဲမှာ မြန်မာပြည်သူလူထုဟာ ကျပ်ကျပ်ညပ်၊ ဖွတ်ဖွတ်ကြေလို့နေပါပြီ။ ကူကယ်ရာမဲ့ ဖြစ်နေပါတယ်။ ဒါပေမဲ့ အကျပ်အတည်းတွေထဲ ရောက်သွားကြတဲ့အခါ အဲဒီအကျပ်အတည်းတွေထဲကနေပဲ သူရဲကောင်းတွေ၊ ချန်ပီယံတွေ ပေါ်ထွက်လာလေ့ရှိကြပါတယ်။ အခုချိန်ဟာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း နေ့စဉ်ဘဝငြိမ်း ချမ်းရေးအတွက် ချန်ပီယံကောင်းတွေ ထွက်ပေါ်လာရမယ့်အချိန်ပါ။

ဒါတွေနဲ့ပတ်သက်ပြီး ဒီတပတ် ISP Insight Email ရဲ့ 'သတိပြုစရာ အကြောင်းအချက်' (Key Takeaway) ကဏ္ဍ၊ 'စောင့်ကြည့်ရမည့် ဖြစ်စဉ်များ' (Trends to watch) ကဏ္ဍနဲ့ 'ISP က ဖတ်နေသည်များ' (What ISP is reading) စတဲ့ ကဏ္ဍသုံးခုစလုံးမှာ ထုပ်ထုပ်ပိုးပိုး တင်ပြဆွေးနွေးထားပါတယ်။ ပုံမှန်ဆိုရင် မိုးလေကင်းလွတ် သီတင်းကျွတ်အခါသမယမှာ ဆီမီးရောင်စုံ ဝေဝေဆာဆာနဲ့ မိသားစုစုံညီ သာယာချမ်းမြေ့ရှိနေရမှာဖြစ်ပေမဲ့ အခုလို ဘေးနှစ်သွယ်ဆိုက်ရောက်နေချိန်ဖြစ်တာမို့ နှလုံးမသာ ဖြစ်ရပါတယ်။ ■

သတိပြုစရာ အကြောင်းအချက်

KEY TAKEAWAY

# ဘေးနှစ်သွယ် အမြွှာဆင့်ချိန် ဥတုကပ်ဘေးနှင့် သတိပြုဖွယ် သုံးချက်

စစ်ဘေးနှင့် ဥတုကပ်ဘေးကို ရင်ဆိုင်နေရချိန်တွင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း နေ့စဉ်ဘဝငြိမ်းချမ်းရေး(everyday peace) အတွက် ချန်ပီယံကောင်းများ ပေါ်ထွက်ရန် လိုအပ်နေပါသည်။

---

တိုင်ဖွန်းရာဂီရဲ့ အဖျားခတ် မိုးများရေကြီးမှုဒဏ်ခံခဲ့ရတဲ့ မြန်မာနိုင်ငံဟာ မုန်တိုင်းဒဏ် အပြည့်ခံခဲ့ရတဲ့ ဗီယက်နမ်နိုင်ငံထက်တောင် လူအသေအပျောက်များခဲ့ပါတယ်။ စစ်ကောင်စီစာရင်းတွေအရ လူပေါင်း ၄၃၃ ဦး သေဆုံးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီး ဒုတိယအကြီးဆုံး သဘာဝဘေးလို့ဆိုနိုင်တဲ့ '၂၀၁၅ ခုနှစ် ရေကြီးမှု' ကာလထက်တောင် လူသေဆုံးမှု များခဲ့တာပါ။

အယ်လ်နီညိုနဲ့ လာနီညာတို့လို ပုံမှန်မဟုတ်တဲ့ ပြင်းထန်ဥတုကပ်ဘေးတွေကို အခြားနိုင်ငံတွေနည်းတူ နှစ်စဉ်ရင်ဆိုင်လာရပေမဲ့ ထိခိုက်ပျက်စီးမှုမှာတော့ မြန်မာနိုင်ငံဟာ အဆိုးဆုံးလို ဖြစ်လာပါတယ်။ ၂၀၂၄ ခုနှစ် နွေရာသီကာလတုန်းကလည်း ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့ထဲ မြန်မာနိုင်ငံက သုံးမြို့ပါတဲ့အထိ အပူချိန်မြင့်မားမှုကို ရင်ဆိုင်ခဲ့ရပါတယ်။ အခုနှစ် မိုးရာသီရောက်ပြန်တော့ ပထမရေကြီးကာလမှာတင် ဧရာဝတီနဲ့ ချင်းတွင်းမြစ်ရိုးတလျှောက်က ဒေသတွေမှာ ရေကြီးမှုဒဏ်ကို ကြီးကြီးမားမား ခံခဲ့ရတယ်။ တိုင်ဖွန်းရာဂီကြောင့်ဖြစ်လာတဲ့ ဒုတိယရေကြီးကာလမှာတော့ ဘယ်လိုမှထင်မထားတဲ့ တောင်ပေါ်ကုန်းမြင့်ဒေသတွေမှာပါ မြေပြို ရေကြီးမှုဒဏ်ကို အလူးအလဲ ခံခဲ့ကြရပါတယ်။ ကိန်းဂဏန်းအားဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်ကနေ စက်တင်ဘာ ၃၀ ရက်အထိ သုံးလအတွင်းဖြစ်ခဲ့တဲ့ ရေကြီးမှုတွေဟာ လူပေါင်း ၅ ဒသမ ၇ သန်းအပေါ် သက်ရောက်မှုရှိထားပါတယ်။ စိုက်ပျိုးမြေအများစုပါဝင်တဲ့ မြေဧက ၁၀ သန်းကျော် (၄၁,၅၀၀ စတုရန်းကီလိုမီတာ)ရေလွှမ်းမိုးခံခဲ့ရပါတယ်။ [၁]

ဒီအချက်အလက်တွေက ဥတုဖောက်ပြန်ပြောင်းလဲမှု ဆိုးကျိုးဒဏ်အခံရနိုင်ဆုံး ထိပ်တန်းစာရင်းမှာပါနေတဲ့ မြန်မာနိုင်ငံအတွက် ရတက်မအေးစရာ ပိုဖြစ်လာပါတယ်။ ၂၀၂၁ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဥတုဖောက်ပြန်ပြောင်းလဲမှု အန္တရာယ်ညွှန်းကိန်း (Global Climate Risk

---

၁ ကမ္ဘာ့ကုလသမဂ္ဂ ဂြိုဟ်တုတိုင်းထွာရေးအဖွဲ့ (UNOSAT) နှင့် Myanmar Information Management Unit (MIMU) တို့၏ UNOSAT S-1 Flood AI Monitoring Dashboard မှ ဖော်ပြချက်ဖြစ်သည်။

Index) မှာ နိုင်ငံပေါင်း ၁၈၃ နိုင်ငံပါဝင်တဲ့အထဲ မြန်မာနိုင်ငံက ဒုတိယနေရာမှာ ရှိပါတယ်။ ဒါကြောင့် စစ်အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံရဲ့ ဥတုကပ်ဘေး စိုးရိမ်ဖွယ်ရာနဲ့ပတ်သက်ပြီး သတိပြုရမယ့်အချက်တွေထဲက သုံးခုကို ဖော်ပြချင်ပါတယ်။

## ၁။ လူမှုအရင်းအနှီး (Social Capital) နည်းပါးလာခြင်း

နှစ် ၇၀ ကျော်လာတဲ့ မြန်မာပြည်တွင်းစစ်ဟာ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုအလွန်မှာ ပိုလို့ပြင်းထန်ဆိုးရွားလာနေပါတယ်။ စစ်ပွဲတွေက လူသားအရင်းအမြစ်တွေကို မြန်ရေရှက်ရေ ဝါးမျိုနေသလို ကျန်တဲ့အရင်းအမြစ်ပေါင်းစုံကိုလည်း စစ်ပွဲအတွင်း လောင်စာထည့်ကျွေးနေကြရပါတယ်။ ဒီအခြေအနေမှာ မြန်မာလူထုတွေရဲ့ လူမှုအရင်းအနှီးက လျော့ပါးကျဆင်းလာနေပါတယ်။ ရပ်ရွာတွေရဲ့ ကြံ့ကြံ့ခံနိုင်စွမ်း (community resiliency)က ကုန်ခန်း

### မုန်တိုင်းသုံးလုံးအတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ နှိုင်းယှဉ်ချက်

မြန်မာနိုင်ငံအနေနှင့် ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်းဒဏ်ကို အဖျားခတ်ရုံမျှ ခံခဲ့ရခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်းမှာမူ မြန်မာနိုင်ငံအတွင်းသို့ ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီး အကြီးဆုံးသဘာဝဘေးအဖြစ် သတ်မှတ်ခံရသော '၂၀၁၅ ခုနှစ် ရေကြီးမှု'ကို ဖြစ်စေခဲ့သည့် ကိုမန်မုန်တိုင်းမှာလည်း မြန်မာနိုင်ငံကို အဖျားခတ် တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ မုန်တိုင်းသုံးလုံးအတွင်း ထိခိုက်ပျက်စီးမှုများကို နှိုင်းယှဉ်ပါက ယခုနှစ် ရာဂီမုန်တိုင်း အဖျားခတ်မှုအတွင်း သေဆုံးရသည့်ပမာဏမှာ မိုခါမုန်တိုင်းနှင့် ကိုမန်မုန်တိုင်းကာလများအတွင်း သေဆုံးရသောပမာဏထက် ပိုများခဲ့ပါသည်။

| | ၂၀၂၄ ရာဂီမုန်တိုင်း | ၂၀၂၃ မိုခါမုန်တိုင်း | ၂၀၁၅ ကိုမန်မုန်တိုင်း |
|---|---|---|---|
| လူသေဆုံးမှု | ၄၃၃ | ၁၅၂ | ၁၃၂ |
| ရေဘေးသင့်လူဦးရေ | ၉၅၈,၆၄၀ | ၅,၄၀၀,၀၀၀ | ၁,၆၇၆,၀၈၆ |
| ရေဘေးသင့်မြို့နယ် | ၁၁၀ | ၃၉ | ၂၁၈ |
| ရေဘေးသင့်ပြည်နယ်/တိုင်းဒေသကြီး | ၈ | ၅ | ၁၂ |
| အိမ်ခြေပျက်စီးထိခိုက်မှု | ၁၁၇,၉၅၁ | ၂၄၂,၂၃၃ | ၅၂၄,၀၀၀ |
| ကျောင်းအဆောက်အအုံပျက်စီးမှု | ၅၃၈ | ၂,၁၁၄ | ၄၃၀ |

ရင်းမြစ် - ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်းသက်ရောက်မှု အချက်အလက်များမှာ စက်တင်ဘာ ၂၈ ရက်အထိ စစ်ကောင်စီ၏ ထုတ်ပြန်ချက်များကို အခြေခံသည်။ ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်း သက်ရောက်မှု အချက်အလက်များမှာ AHA center နှင့် ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်များအပေါ် အခြေခံထားသည်။ မိုခါမုန်တိုင်းအတွင်း ရိုဟင်ဂျာများအပါအဝင် လူ ၄၀၀ ခန့် သေဆုံးကြောင်း ကွဲပြားသည့် ထုတ်ပြန်ချက်များလည်းရှိသည်။ ၂၀၁၅ ခုနှစ် ကိုမန်မုန်တိုင်း သက်ရောက်မှု အချက်အလက်များမှာ သမ္မတဦးသိန်းစိန်အစိုးရလက်ထက် ထုတ်ပြန်သော အချက်အလက်များအပေါ် အခြေခံပါသည်။

လာနေပါပြီ။ 'ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်'တို့၊ 'ငါတို့မှာ ငါတို့ပဲရှိတယ်'တို့ စတဲ့ ကြွေးကြော်သံတွေနဲ့ ဘယ်လောက်ပဲ အားတင်းထားပါစေ ရှန်းထနိုင်ဖို့ ပိုလို့ ခက်ခဲလာနေပါပြီ။ လုံခြုံရေးကဏ္ဍနဲ့ ပဋိပက္ခကို ဦးစားပေးနေရလို့ အရပ်ဘက်နယ်ပယ်/နေရာ လပ်ဟာလည်း ပျောက်ဆုံးလာနေပါတယ်။ လူငယ်အများအပြားဟာ ပဋိပက္ခထဲကို နစ်ဝင်သွားကြသလို စစ်ကောင်စီရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့်လည်း စိုးရိမ်ကြောင့်ကြ ထွက်ပြေးနေကြရ၊ ဖရိုဖရဲဖြစ်နေကြရပါတယ်။ စစ်ကောင်စီက အရပ်ဘက်လူမှုအဖွဲ့ အစည်းတွေကို ထိန်းချုပ်လိုတဲ့ဆန္ဒနဲ့ တင်းကျပ်မှုတွေကြောင့် ပရဟိတ လူမှုအဖွဲ့အစည်း တွေရဲ့ နယ်ပယ်၊ လုပ်ပိုင်ခွင့်ဘောင်တွေ သေးကျုံ့လာနေပါတယ်။ လူမှု-စီးပွားရေးရက်ထည် ကလည်း စုတ်ပြဲယိုယွင်းနေပါတယ်။ လူမှုအရင်းအနှီးဆိုတာက မွေးမြူပွားများ ပျိုးထောင်ရတာ ဖြစ်ပါတယ်။ လိုအပ်ခါမှ ကောက်နှိုး၊ အသုံးပြုလို့ရတဲ့ စက်ပစ္စည်းတွေလို မဟုတ်ပါဘူး။

တဖက်မှာတော့ စစ်ကောင်စီ အုပ်ချုပ်ရေးဖြစ်တာနဲ့အညီ အထီးကျန်နိုင်ငံ ဖြစ်လာပါတယ်။ လိုလားသူမိတ်ဆွေ နည်းလာတာနဲ့အတူ နိုင်ငံတကာပံ့ပိုးမှုအကူအညီ ကျဆင်းလာနေပါ တယ်။ စစ်ကောင်စီအပေါ် အရေးယူဒဏ်ခတ်ပိတ်ဆို့ရေး (sanction) မူဝါဒတွေကြောင့် လည်း အရင်းမြစ်တွေ ပိုလို့ရှားပါးလာပါတယ်။


## ၂။ ဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် မလေးနက်ကြသေး

ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ အစိုးရနှစ်ဆက်လုံးမှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဥတုကပ်ဘေးသတိပြုစရာတွေကို ပညာရှင်များစွာက ပြောခဲ့ကြပါတယ်။ ရာသီဥတုဖောက် ပြန်ပြောင်းလဲမှုနဲ့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ နစ်နာနိုင်ခြေ (climate vulnerability) တွေကို အကြိမ်ကြိမ် ထောက်ပြဆွေးနွေးခဲ့ကြပါတယ်။ ISP-Myanmar အနေနဲ့လည်း ပညာရှင်တွေ နဲ့ အခြား နှံ့စပ်ကျွမ်းကျင်သူတွေကို ဖိတ်ခေါ်ပြီး **'ဥတုဘေးအတွက် လှုပ်ရှားမှု - အရေးပေါ် လို့ ထိုးရမယ့်ခေါင်းလောင်း'** (Climate Action: More Urgent Than Ever) ခေါင်းစဉ်နဲ့ ယောမင်းကြီးဇရပ် စကားဝိုင်းဆွေးနွေးပွဲတရပ်ကို ၂၀၁၉ ခုနှစ်အတွင်း လုပ်ခဲ့ပါသေးတယ်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွေဟာ လျစ်လျူရှုထားလို့ မရအောင် ကဏ္ဍပေါင်းစုံမှာ ခြိမ်းခြောက်ခံနေရပြီဖြစ်ပါတယ်။ ဒါကြောင့်မို့ ဥတုဘေးရဲ့အန္တရာယ်ကို အလေးအနက် ထည့်သွင်းစဉ်းစားပြီး အမြော်အမြင်၊ မဟာဗျူဟာနဲ့မူဝါဒ၊ အလေ့အထတွေ မွေးမြူနိုင်ကြ စေဖို့ ဘက်ပေါင်းစုံကနေ ချဉ်းကပ်ဆွေးနွေးခဲ့ကြပါတယ်။ ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်း ကြုံချိန် မှာလည်း **'ဆိုင်ကလုန်းမိုခါ - အယ်လ်နီညိုရှေ့ပြေးနှင့် မြန်မာ့ပဋိပက္ခအနာဂတ်'** ခေါင်းစဉ် နဲ့ ကနဦးသုံးသပ်ချက်ကို ISP-Myanmar က ရေးသားဖော်ပြခဲ့ပါတယ်။

## လူဦးရေ ၅ ဒသမ ၆ သန်းကျော် ရေဘေးအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရ

(၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ)

၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ သုံးလနီးပါးအတွင်း နိုင်ငံတဝန်း **လူဦးရေ ၅ ဒသမ ၆ သန်းကျော်**သည် ရေဘေးအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ကြရပါသည်။ အများဆုံးမှာ ဧရာဝတီတိုင်းမှဖြစ်ပြီး **၃၅ ရာခိုင်နှုန်းနီးပါးရှိ**သည်။ ဒုတိယအများဆုံးက ပဲခူးတိုင်းဖြစ်ပြီး စစ်ကိုင်းတိုင်းက တတိယအများဆုံး ဖြစ်သည်။





မှတ်ချက်

ယခုဖော်ပြပါ အချက်အလက်များသည် UNOSAT S-1 Flood AI Monitoring Dashboard မှ ထုတ်ယူထားခြင်း ဖြစ်ပါသည်။ ရေလွှမ်းဧရိယာကို Sentinel-1 ဂြိုဟ်တုမှတဆင့် ဉာဏ်ရည်တုနည်းပညာဖြင့် ကောက်ယူရရှိမှုအခြေအနေများအပေါ် ကြိုတင်ပိုင်းခြားသုံးသပ်ချက် ဖြစ်သည့်အတွက် မြေပြင်အချက်အလက်များနှင့် ကွာဟမှုရှိနိုင်ပါသည်။

## စိုက်ပျိုးမြေဧရိယာ ၂၄ ရာခိုင်နှုန်းနီးပါး ရေလွှမ်းမိုးခံခဲ့ရ

(၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ)

၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ သုံးလနီးပါးအတွင်း နိုင်ငံတဝန်း မြို့နယ်ပေါင်း ၃၁၄ မြို့နယ်၊ မြေဧက **၁၀ သန်းကျော်** ရေလွှမ်းမိုးခံခဲ့ရသည်။ အဆိုပါပမာဏအနက် **ဧကရှစ်သန်းကျော် (၈၀ ရာခိုင်နှုန်း)**မှာ စိုက်ပျိုးမြေများဖြစ်ကာ မြို့နယ် ၃၀၀ ကျော်မှဖြစ်သည်။ နိုင်ငံအနှံ့ စိုက်ပျိုးမြေဧရိယာစုစုပေါင်း၏ **၂၄ ရာခိုင်နှုန်းနီးပါး** ရေလွှမ်းခံခဲ့ရခြင်းဖြစ်သည်။





မှတ်ချက်

ယခုဖော်ပြပါ အချက်အလက်များသည် UNOSAT S-1 Flood AI Monitoring Dashboard မှ ထုတ်ယူထားခြင်း ဖြစ်ပါသည်။ ရေလွှမ်းဧရိယာကို Sentinel-1 ဂြိုဟ်တုမှတဆင့် ဉာဏ်ရည်တုနည်းပညာဖြင့် ကောက်ယူရရှိမှုအခြေအနေများအပေါ် ကြိုတင်ပိုင်းခြားသုံးသပ်ချက် ဖြစ်သည့်အတွက် မြေပြင်အချက်အလက်များနှင့် ကွာဟမှုရှိနိုင်ပါသည်။

## မြန်မာနိုင်ငံဧရိယာ၏ ခြောက်ရာခိုင်နှုန်းကျော် ရေလွှမ်းမိုးခံခဲ့ရ

(၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ)

၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ သုံးလနီးပါးအတွင်း နိုင်ငံတဝန်း မြို့နယ်ပေါင်း ၃၁၄ မြို့နယ်ရှိ မြေဧရိယာ**ဧက ၁၀ သန်းကျော်** ရေလွှမ်းမိုးခံရသည့် အခြေအနေတွင် ရှိခဲ့သည်။ အဆိုပါပမာဏသည် မြန်မာနိုင်ငံအကျယ်အဝန်း၏ **ခြောက်ရာခိုင်နှုန်းကျော်**ဖြစ်သည်။




**မှတ်ချက်**

ယခုဖော်ပြပါ အချက်အလက်များသည် UNOSAT S-1 Flood AI Monitoring Dashboard မှ ထုတ်ယူထားခြင်း ဖြစ်ပါသည်။ ရေလွှမ်းဧရိယာကို Sentinel-1 ဂြိုဟ်တုမှတဆင့် ဉာဏ်ရည်တုနည်းပညာဖြင့် ကောက်ယူရရှိမှုအခြေအနေများအပေါ် ကြိုတင်ပိုင်းခြားသုံးသပ်ချက် ဖြစ်သည့်အတွက် မြေပြင်အချက်အလက်များနှင့် ကွာဟမှုရှိနိုင်ပါသည်။

အဲဒီမှာ စစ်အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံမှာ (၁) သဘာဝဘေးအန္တရာယ်ကပ်ဘေးတွေနဲ့ လူ့အဖွဲ့အစည်းအတွင်း ရုန်းကန်နိုးထနိုင်စွမ်းချည့်နဲ့လာမှု၊ (၂) သဘာဝကပ်ဘေးတွေကြောင့် ပဋိပက္ခဖြစ်စဉ်တွေ အပြောင်းအလဲဖြစ်သွားနိုင်ခြေနဲ့ (၃) ဥတုကပ်ဘေးတွေကြောင့် ရေကြည်ရာမြက်နုရာ အစုအပြုံလိုက် နေရာရွှေ့ပြောင်းမှုတွေ ဖြစ်လာနိုင်ပြီး အသစ်ပြောင်းလာသူတွေနဲ့ ရှိရင်းစွဲနေထိုင်သူအကြား သဟဇာတဖြစ်ဖို့ခက်ခဲနိုင်တာ၊ အရင်းအမြစ် လုယူသုံးစွဲမှုတွေကြောင့် လူမျိုးစုတွေအကြား ပဋိပက္ခပုံစံသစ်တွေတိုးလာနိုင်တာ စတဲ့ အချက်သုံးချက်ကို ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် ဥတုဘေး-ပဋိပက္ခဘေး-လူမှုဒုက္ခဘေး ဆိုးကျိုးကွင်းဆက်ကနေ ထွက်ပေါက်ရှာရေးအတွက် တီထွင်ကြံဆမှုရှိတဲ့နည်းလမ်းသစ်တွေကို အားလုံးဝိုင်းပြီး အဖြေရှာသင့်ကြောင်းလည်း တိုက်တွန်းခဲ့ပါတယ်။

ဒါပေမဲ့လည်း အခုအချိန်အထိ အရေးပါတဲ့အင်အားစု (Stakeholders) တွေဟာ ဥတုဖောက်ပြန်ပြောင်းလဲမှုကို ကြီးမားတဲ့ အကျပ်အတည်းတရပ်အဖြစ် ရှုမြင်လေးနက်ပုံမရသေးပါဘူး။ ခေါင်းဆောင်တွေနဲ့ နယ်ပယ်အလိုက် အသံကျယ်ကျယ် ဦးဆောင်လှုပ်ရှားသူတွေ ကြားထဲမှာလည်း ‘သဘာဝမုန်တိုင်း’ထက် ‘နိုင်ငံရေးမုန်တိုင်း’ကို ပိုလို့ ရှေ့တန်းတင်စဉ်းစားနေကြဆဲပါပဲ။ ဒီစဉ်းစားချက်တွေက တစိတ်တပိုင်းအားဖြင့် မှားတယ်လို့ မဆိုနိုင်ပါဘူး။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီကင်းမဲ့နေဆဲ၊ စစ်အာဏာရှင်နဲ့ စစ်တပ်က အုပ်ချုပ်နေဆဲနိုင်ငံတခု ဖြစ်နေပါတယ်။ ဒီလို အာဏာရှင်စနစ်ကြီးစိုးတဲ့နိုင်ငံတွေမှာ လူထုတောင်းဆိုချက်တွေကို တုံ့ပြန်တတ်တဲ့၊ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်မျိုး မထွန်းကားနိုင်ပါဘူး။ တချိန်တည်းမှာ စစ်ယန္တရားကိုမောင်းနှင်နိုင်ဖို့ အရင်းအမြစ်တွေကို အင်အားစု ဘက်အသီးသီးက ရှေ့နောက်မစဉ်းစားဘဲ အလုအယက် ထုတ်ယူနေကြတာရှိပါတယ်။ သဘာဝပတ်ဝန်းကျင်အော်သံကို သူတို့ မကြားနိုင်ကြသေးပါဘူး။ ဒီလိုနဲ့ မြန်မာနိုင်ငံဟာ လူနေလို့မရလောက်အောင်ဖြစ်လာတဲ့ ‘မြေကော’တခုဖြစ်ဖို့ ဦးတည်နေပါတယ်။ ဥတုကပ်ဘေးတွေဟာ ဘက်လိုက်မှာမဟုတ်သလို အညှာအတာလည်း ကင်းမဲ့ပါလိမ့်မယ်။

ပြင်းထန်နေတဲ့ ပဋိပက္ခအတွင်း ဆိုးရွားလွန်းလှတဲ့ အတွေးအခေါ်အဖြစ် ‘မြေကျွန်ရင်တော်ပြီ’လို့ ကြွေးကြော်နေကြသူတွေလည်း ရှိပါတယ်။ လူနေမြို့ရွာတွေကို နေထိုင်လို့ မဖြစ်နိုင်အောင် ဗုံးကြဲဖျက်ဆီးပစ်နေကြတာတွေ ရှိသလို၊ စစ်ရေးကိုရှေ့တန်းတင်ပြီး လူထုရဲ့အခြေခံအဆောက်အအုံတွေကို တိုက်ခိုက်ဖျက်ဆီးပစ်တာ၊ မီးရှို့ပြာချတာ၊ ကုန်သွယ်ရေးပင်မလမ်းကြောင်းတွေကို ပိတ်ဆို့ပြီး တိုက်ခိုက်နေတာတွေလည်း ရှိနေပါတယ်။ ဒီလိုနဲ့ မြန်မာနိုင်ငံက အခြေခံပြည်သူ နင်းပြားတွေဟာ ပိုလို့ ဆင်းရဲတွင်းနက်လာနေကြရပါတယ်။ နောက်တချက်က မြန်မာနိုင်ငံရဲ့ သဘာဝကပ်ဘေးတွေမှာ စစ်တပ်ရဲ့ အမြော်အမြင်ကင်းမဲ့

## မုန်တိုင်းအန္တရာယ်တွေ တိုးလာတယ်

မြန်မာနိုင်ငံရဲ့ရာသီဥတုဟာ ၁၉၇၈ ခုနှစ်ကတည်းက ပြောင်းလဲလာခဲ့တယ်။ မြန်မာနိုင်ငံရဲ့ ရာသီဥတုက မုတ်သုန်ရာသီဥတုဖြစ်ပါတယ်။ မုတ်သုန်ရဲ့လက္ခဏာတွေက အလွန်စိတ်ဝင်စားဖို့ကောင်းပါတယ်။ မုတ်သုန်ဝင်တာရှိတယ်၊ မုတ်သုန်ထွက်တာရှိတယ်။ မုတ်သုန် အင်အားရှိတယ်။ မုတ်သုန်ကာလအတွင်းဖြစ်တဲ့ မုန်တိုင်းတွေရှိတယ်။ ... (ရာသီဥတုပြောင်းလဲချက်ကြောင့်ဖြစ်လာတဲ့ ထိခိုက်မှုတွေထဲက တခုကိုပြောပြရရင်) မြန်မာနိုင်ငံမှာ မိုးကြိုရာသီဆိုတာက ဧပြီ ၁၅ ကို မုတ်သုန်ဝင်တဲ့ရက်လို့ သတ်မှတ်တယ်။ အရင်တုန်းက မိုးကြိုကာလဟာ မေ ၁၅ မှ ဝင်တဲ့အတွက် ဧပြီ ၁၅ မှ မေ ၁၅၊ ရက် ၃၀ ရှိတယ်။ မိုးလွန်ကာလဆိုတာ မုတ်သုန်ထွက်တဲ့ရက်ကနေ နိုဝင်ဘာလကုန်အထိ။ အရင်က အောက်တိုဘာ ၁၀ မှာ ထွက်တယ်၊ နိုဝင်ဘာလကုန်အထိဆိုတော့ မိုးလွန်ကာလက ရက် ၅၀ ရှိတယ်။ အဲဒီတော့ အရင်တုန်းက မိုးကြိုက ရက် ၃၀၊ မိုးလွန်က ရက် ၅၀။ အခု မုတ်သုန်ကနောက်ကျတယ်။ မေလကုန်မှဝင်တဲ့အတွက် မိုးကြိုက ဧပြီ ၁၅ မှ မေလကုန်ဆိုတော့ ၄၅ ရက် ဖြစ်လာတယ်၊ ၁၅ ရက်တိုးလာတယ်။ မိုးလွန်က စက်တင်ဘာ ၁၅ မှာ ထွက်တယ်။ နိုဝင်ဘာလကုန်မှ ပြီးတဲ့အတွက် ၇၅ ရက်ဖြစ်သွားတယ်။ ပြောချင်တာက မိုးကြိုက ပိုရှည်လာတယ်၊ မိုးလွန်က ပိုရှည်လာတယ်။ အဲဒါကပြဿနာပဲ။ ဘာဖြစ်လို့လဲဆိုရင် အဲဒီကာလမှာဖြစ်တဲ့ ရာသီဥတုဖြစ်စဉ်တွေဆိုတာ သီးသန့်ရှိတယ်။ တခြားအချိန်တွေဆို မဖြစ်ဘူး။ အဲဒီကာလမှာ အလွန်ဒုက္ခပေးတဲ့ ပြဿနာနှစ်ရပ် မြန်မာပြည်မှာရှိတယ်။ အဲဒီနှစ်ခုကဘာလဲဆိုရင် နံပါတ်တစ်က မိုးတိမ်တောင်၊ မိုးကြိုမှာဖြစ်တယ်၊ မိုးလွန်မှာဖြစ်တယ်။ နံပါတ်နှစ်က အဲဒီကာလနှစ်ခုမှာသာ မြန်မာပြည်ကို မုန်တိုင်းဝင်တယ်။ မိုးရာသီမှာ မုန်တိုင်းမဝင်ဘူး။ အဲဒီတော့ မြန်မာနိုင်ငံမှာ မုန်တိုင်းဝင်တဲ့ မိုးကြိုက ပိုရှည်လာတယ်။ မိုးလွန်မှာ ပိုရှည်လာတော့ မုန်တိုင်းဝင်မယ့်တံခါးက ပိုကျယ်လာတယ်။ အဲဒါကြောင့် နှစ်တိုင်း မုန်တိုင်းအန္တရာယ်ရှိတယ်။ တချို့နှစ်တွေမှာ တည့်ဝင်တယ်။ မနှစ်က မာန်အောင်မှာ တည့်ဝင်သွားတယ်။ ရှေ့တနှစ်ကဆို ရခိုင်မှာဝင်တယ်။ အဖျားခတ်သွားတယ်။ တနှစ်မှမလွတ်ဘူးဆိုတာ ပြန်ကြည့်ရင် သိနိုင်ပါတယ်။ မုန်တိုင်းအန္တရာယ်တွေ တိုးလာတယ်။

---

ဒေါက်တာ ထွန်းလွင် (၁၉၄၈-၂၀၁၉)
မိုးလေဝသနှင့် ဇလဗေဒပညာရှင်

၂၀၁၉ ခုနှစ် ဇွန် ၂၂ ရက်တွင် 'ဥတုဘေးအတွက် လှုပ်ရှားမှု - အရေးပေါ်လို့ ထိုးရမယ့်ခေါင်းလောင်း' (Climate Action: More Urgent Than Ever) ခေါင်းစဉ်ဖြင့် ISP-Myanmar က ပြုလုပ်ခဲ့သော ယောမင်းကြီးဇရပ် စကားဝိုင်းဆွေးနွေးပွဲမှ ကောက်နုတ်ချက်။



## ရန်ကုန်မြို့ဟာ ကျွန်းတခုအဖြစ်သာ ကျန်ခဲ့ပါလိမ့်မယ်

မြန်မာနိုင်ငံမှာ ဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့်ဖြစ်တဲ့ သက်ရောက်မှုဟာ ကြီးမားတဲ့ ကပ်ဘေးထက် လျော့နည်းဖွယ်မရှိပါဘူး။ ဒီသက်ရောက်မှုတွေဟာ ရာစု၊ ဆယ်စုနှစ်တွေ ကြာမှာမဟုတ်ပါဘူး။ လာမယ့်နှစ်တွေအတွင်း ဖြစ်ပေါ်လာပါလိမ့်မယ်။ ဒီကနေ့ မြန်မာနိုင်ငံဟာ ဥတုဘေး အရေးပေါ်အခြေအနေ (Climate Emergency) ကို ရင်ဆိုင်နေရပါပြီ။ … ကမ္ဘာကြီးဟာ အခုရာစုနှစ်လယ်မှာ နှစ်ဒီဂရီစင်တီဂရိတ် ပူနွေးလာခဲ့တယ်ဆိုရင်တောင် မြန်မာနိုင်ငံဟာ ဖွတ်ဖွတ်ညက်ညက် ကြေသွားနိုင်ပါတယ်။ … နာဂစ်လိုမျိုး ပြင်းထန်တဲ့မုန်တိုင်းတွေ၊ ပြင်းထန်တဲ့ လေပြင်းမုန်တိုင်းတွေ ဖြစ်ပွားတဲ့အကြိမ်ရေများလာပါလိမ့်မယ်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာပြီး ရလဒ်အနေနဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအောက်ပိုင်းနဲ့ ရန်ကုန်မြို့အနီး အပါအဝင် ပင်လယ်ကမ်းရိုးတန်းဒေသအတော်များများ ရေအောက်ကို လုံးဝ မြုပ်သွားပါလိမ့်မယ်။ မခံမရပ်နိုင်လောက်အောင် အပူချိန်လွန်ကဲမှုတွေဟာ တနှစ်ကို ရက်သတ္တပေါင်းများစွာတင်မကဘဲ လပေါင်းများစွာဖြစ်ပေါ်လာပါလိမ့်မယ်။ အပူချိန်လွန်ကဲတာ၊ မိုးခေါင်တာတွေသာမက အချိန်အခါမဟုတ် မိုးရွာသွန်းမှုတွေ ဖြစ်ပွားလာတဲ့အတွက် မြန်မာနိုင်ငံရဲ့ မိုးနည်းဒေသနဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွေမှာ စားသုံးသီးနှံ စိုက်ပျိုးလို့မရအောင် ဖြစ်ပေါ်လာနိုင်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တိရစ္ဆာန်မျိုးစိတ်တွေ အစုလိုက်အပြုံလိုက် မျိုးသုဉ်းခြင်း ဖြစ်ပွားပါလိမ့်မယ်။ ရောဂါအသစ်တွေလည်း ပြန့်ပွားလာပါလိမ့်မယ်။ … ကမ္ဘာ့အပူချိန် လေးဒီဂရီမြင့်တက်လာရင် မြန်မာနိုင်ငံ ဒေသအတော်များများမှာ လူနေထိုင်လို့ မဖြစ်နိုင်တော့ပါဘူး။ ဧရာဝတီမြစ်ဝကျွန်းပေါ်သာမက ရခိုင်ပြည်နယ်တခုလုံးနီးပါး ရှိနိုင်တော့မှာမဟုတ်ပါဘူး။ ရန်ကုန်မြို့ဟာ ကျွန်းတခုအဖြစ်သာ ကျန်ခဲ့ပါလိမ့်မယ်။ နိုင်ငံရဲ့ အလယ်ဗဟိုဒေသဟာ လူသားတွေနဲ့ တိရစ္ဆာန်အများစု နေထိုင်လို့မရအောင် ပူပြင်းနေပါလိမ့်မယ်။ သန်းပေါင်းများစွာသော လူထု ရွှေ့ပြောင်းအခြေချမှုတွေ ဖြစ်လာပါမယ်။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလည်း ပြင်းထန်တဲ့ကပ်ဘေးကြောင့် ဥတုဘေးဒုက္ခသည် သန်းပေါင်းများစွာကို မွေးထုတ်ပေးပါလိမ့်မယ်။ အခုရာစုမကုန်ခင်၊ အခုလူငယ်တွေရဲ့ သက်တမ်းအတွင်းမှာပဲ အပူချိန် လေးဒီဂရီမြင့်လာတာကို ကြုံရပါလိမ့်မယ်။

**ဒေါက်တာ သန့်မြင့်ဦး**
သမိုင်းပညာရှင်

၂၀၁၉ ခုနှစ် ဇွန် ၂၂ ရက်တွင် 'ဥတုဘေးအတွက် လှုပ်ရှားမှု - အရေးပေါ်လို့ ထိုးရမယ့်ခေါင်းလောင်း' (Climate Action: More Urgent Than Ever) ခေါင်းစဉ်ဖြင့် ISP-Myanmar က ပြုလုပ်ခဲ့သော ယောမင်းကြီးဇရပ် စကားဝိုင်းဆွေးနွေးပွဲမှ ကောက်နုတ်ချက်။



မှု အစဉ်အလာဆိုးတွေ ရှိခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းနဲ့ ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်းတွေမှာဆို လုံခြုံရေးစိုးရိမ်စိတ်နဲ့ နိုင်ငံတကာအကူအညီတွေ၊ ပြည်သူလူထုတွေရဲ့ အကူအညီနဲ့ လှုပ်ရှားမှုတွေကို အလွန်အမင်း တင်းကျပ်ကန့်သတ်ခဲ့တာမျိုးတွေပါ။ အထူးသဖြင့် နိုင်ငံတကာအကူအညီနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအပေါ် သံသယကြီးကြီးထား တုံ့ပြန်ခဲ့ကြပါတယ်။ အဲဒါတွေအပြင် အခြားနိုင်ငံတွေက အာဏာရှင်အစိုးရတွေရဲ့ လုပ်နည်းကားတွေကို ကြုံရတာမျိုးလည်း ရှိနိုင်ပါတယ်။ နိုင်ငံတကာအကူအညီတွေကို ကူညီချောမွေ့အောင်လုပ်မယ်၊ ဒါမှမဟုတ်ရင် လူထုဘာဖြစ်နေနေ ပိတ်ဆို့မယ်၊ ဒါမှမဟုတ် သူတို့အပေါ် လိုလားတဲ့ အုပ်စုတွေအတွက် ခွဲခြားကဲ့ယူခိုးဝှက်မယ်ဆိုတဲ့ လုပ်ရပ်မျိုးတွေပါ။ အာဏာပိုင်တွေအနေနဲ့ ဒုက္ခသည်တွေထဲမှာ သူတို့နဲ့ နိုင်ငံရေးဆက်စပ်ပတ်သက်သူတွေကိုပဲ ရွေးချယ်ထောက်ပံ့တာ၊ ဒါမှမဟုတ် **ကပ်ဘေးကို လက်နက်သဖွယ်အသုံးပြု** (weaponization of disaster) ခဲ့ကြတာပါ။ အာဏာရှင်တွေဟာ သူတို့ကပဲ စွမ်းဆောင်ပေးသယောင် နိုင်ငံရေးအမှတ်ယူတာမျိုးရှိသလို၊ ကျန်တဖက်မှာလည်း လူသားချင်းစာနာမှု အကျပ်အတည်းဖြစ်အောင် တမင်သက်သက် ဖန်တီးတတ်ကြတာမျိုးလည်း ရှိတတ်ပါတယ်။

## ၃။ အကျပ်အတည်းထဲက ချန်ပီယံ


ဘယ်လိုပဲဖြစ်ဖြစ် ကပ်ဘေးအကျပ်အတည်းတွေ ဖြစ်ပေါ်လာရင် အကျပ်အတည်းထဲမှာ သူရဲကောင်းချန်ပီယံတွေ ပေါ်လာတတ်ကြတာပါပဲ။ စစ်အစိုးရလက်ထက် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ခံရချိန်မှာ ဘာသာရေးခေါင်းဆောင်တွေ၊ အရပ်ဘက်လူမှုအဖွဲ့တွေ၊ စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့တွေက အာဏာပိုင်တွေရဲ့ ဟန့်တားမှုတွေကို အန်တုပြီး စွန့်စားကူညီခဲ့ကြပါတယ်။ အခုချိန်မှာလည်း ကပ်ဘေးသင့်သူတွေကို ရပ်ရွာအတွင်းက ကိုယ်ထူကိုယ်ထအဖွဲ့တွေနဲ့ ပရဟိတအဖွဲ့တွေကပဲ ကူညီကယ်ဆယ်ပေးနေတာကို ISP-Myanmar ရဲ့ Research Network (သုတေသနကွန်ရက်)ရဲ့ လေ့လာမှုတွေအရ သိရပါတယ်။ [၂]

---

၂ ISP-Myanmar သည် မြန်မာနိုင်ငံအတွင်းရှိ လူမှုစီးပွားအခြေအနေကို သုတေသနပြု ဆန်းစစ်လေ့လာနိုင်ရန် (နိုင်ငံအနှံ့ မြို့နယ်စုစုပေါင်း ၃၃၀ အနက်မှ သုံးပုံတပုံဖြစ်သော) မြို့နယ် ၁၁၀ တွင် ဒေသဆိုင်ရာ အချက်အလက်များကို စောင့်ကြည့်လေ့လာမှုနည်းစနစ် (Observatory Method) ဖြင့် ကောက်ယူခြင်းကို ၂၀၂၃ ခုနှစ် မေလမှစတင်၍ လုပ်ဆောင်လျက်ရှိပါသည်။ မြို့နယ် ၁၁၀ ကို ရွေးချယ်ရာ၌ ခရိုင်မြို့နယ် ၇၅ ခုကို ရွေးချယ်ခဲ့ပြီး ကျန် ၃၅ မြို့နယ်ကို ရွေးချယ်ရာတွင် လူဦးရေအများဆုံးရှိသော မြို့နယ်နှင့် စီးပွား ရေးအရ အချက်အချာကျသော မြို့နယ်များအား ဦးစားပေးရွေးချယ်ခဲ့ပါသည်။


## ပူပြင်းမှုနှင့် မိုးကြီးရေလျှံမှုကို အများဆုံးရင်ဆိုင်ကြရ

ISP-Myanmar ၏ သုတေသနကွန်ရက်က မြို့နယ် ၁၁၀ တွင် ပြုလုပ်နေသောလေ့လာမှုများအရ ၂၀၂၄ ခုနှစ် မတ်လမှ သြဂုတ်လအတွင်း ရင်ဆိုင်ခဲ့ကြသည့် သဘာဝဘေးများထဲတွင် ပူပြင်းမှုနှင့် မိုးကြီးရေလျှံမှုမှာ အများဆုံးဖြစ်ခဲ့သည်။ အလွန်ပူပြင်းမှုကို ဧပြီလတွင် အများဆုံး ကြုံခဲ့ရပြီး မိုးကြီးရေလျှံမှုများကို ဇူလိုင်လတွင် အများဆုံးရင်ဆိုင်ခဲ့ရပါသည်။





## ကိုယ်ထူကိုယ်ထအဖွဲ့များကိုသာ အားကိုးနေကြရ

ISP-Myanmar ၏ သုတေသနကွန်ရက်က မြို့နယ် ၁၁၀ တွင် ပြုလုပ်နေသော လေ့လာမှုများအရ ၂၀၂၄ ခုနှစ် မတ်လမှ သြဂုတ်လအတွင်း ကြုံခဲ့ရသော သဘာဝဘေးများအတွင်း **'ပြန်လည်ထူထောင်ရေးအတွက် မည်သည့်အဖွဲ့အစည်းများက ဆောင်ရွက်ပေးနေသနည်း'**ဟု မေးမြန်းခဲ့ရာ ကိုယ်ထူကိုယ်ထအဖွဲ့များနှင့် ပရဟိတအဖွဲ့များကိုသာ မြို့နယ်အများစုတွင် အားကိုးနေကြရကြောင်း ဖြေခဲ့ကြသည်။



## သီးနှံပျက်စီးခြင်းကို အများဆုံး ကြုံတွေ့ခဲ့ကြရ

ISP-Myanmar ၏ သုတေသနကွန်ရက်က မြို့နယ် ၁၁၀ တွင် ပြုလုပ်နေသော လေ့လာမှုများအရ ၂၀၂၄ ခုနှစ် မတ်လမှ ဩဂုတ်လအတွင်း ကြုံခဲ့ရသော **‘ဥတုသဘာဝဘေးများကြောင့် ထိခိုက်နစ်နာရမှုများ’**ကို မေးမြန်းခဲ့ရာ မြို့နယ်အများစုတွင် သီးနှံများပျက်စီးခြင်းကို ကြုံတွေ့ခဲ့ရပြီး စားဝတ်နေရေးခက်ခဲခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကိုလည်း အများဆုံး ရင်ဆိုင်ခဲ့ကြရပါသည်။




ISP-Myanmar က ၂၀၂၄ ခုနှစ် မတ်လကနေ ဩဂုတ်လအတွင်း လေ့လာခဲ့တဲ့ မြို့နယ် ၁၁၀ ထဲက ၄၈ မြို့နယ်မှာ အလွန်ပူပြင်းခြင်းကို ကြုံခဲ့ရပြီး ၃၇ မြို့နယ်မှာတော့ မိုးကြီးခြင်းနဲ့ မိုးများခြင်းကို ရင်ဆိုင်ခဲ့ရပါတယ်။ ၄၅ မြို့နယ်မှာတော့ ရေကြီးခြင်းနဲ့ ရေလျှံခြင်းတွေ ဖြစ်ခဲ့ကြပါတယ်။ ဒီလိုဖြစ်တဲ့အခါ ပြန်လည်ထူထောင်ရေးအတွက် ဘယ်သူတွေက ကူညီဆောင်ရွက်ပေးသလဲလို့ လေ့လာတဲ့အခါ ရပ်ရွာအတွင်း ကိုယ်ထူကိုယ်ထအဖွဲ့တွေက အများဆုံး လုပ်ပေးခဲ့ပါတယ်။ ပရဟိတအဖွဲ့တွေက ဒုတိယအများဆုံး လုပ်ပေးခဲ့ပြီး လုပ်ပေးတဲ့သူမရှိတာက တတိယအများဆုံး ဖြစ်ခဲ့ပါတယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ လုပ်ပေးနိုင်စွမ်းနဲ့ စစ်ကောင်စီလက်အောက်ခံ လူကယ်ပြန်အဖွဲ့တွေရဲ့ လုပ်ပေးနိုင်မှုက နည်းပါးလွန်းပါတယ်။ အခုလို အရေးပေါ်အခြေအနေမှာ ကူရာကယ်ရာမဲ့ ဥတုဘေးဒုက္ခသည်တွေကို လူသိများထင်ရှားတဲ့ ဆယ်လီတဦးချင်းဖြစ်ဖြစ်၊ ငွေကြေးတတ်နိုင်တဲ့ လုပ်ငန်းရှင်ကြီးတွေကပဲဖြစ်ဖြစ် စစ်ကောင်စီကိုမဖြတ်ဘဲ ကိုယ့်အစီအစဉ်နဲ့ကိုယ် လှူကြကူကြတာတွေ ရှိလာပါတယ်။ အဲဒီအခါမှာ ဘယ်သူပဲလှူလှူ၊ ဘယ်လိုပဲကူကူ အရေးပေါ်အခြေအနေမှာ ကူကယ်ရာမဲ့နေသူတွေကို ဒါနပြုခြင်းမည်တာမို့ လူ့အဖွဲ့အစည်းအတွက် အကျိုးဖြစ်စေသလို မုဒိတာပွားလို့လည်း ရနိုင်ပါတယ်။ ဒါပေမဲ့ ဒီလို လှူကြကူကြတာတွေကို ရှုထောင့်တခုတည်းက

- ကြည့်ပြီး နိုင်ငံရေးမီးကွင်းပစ်၊ ရန်ငြိုးဖွဲ့အပုပ်ချတာတွေ လုပ်ကြတယ်ဆိုရင် အဲဒါဟာ ဒုက္ခပေါင်းစုံရင်ဆိုင်နေရတဲ့ လူ့အဖွဲ့အစည်းအပေါ် ကူကယ်ရာမရောက်ဘဲ တာဝန်မဲ့ရာရောက်သလို အမုန်းတရားအဆိပ်ခတ်ရာလည်း ရောက်စေပါတယ်။

ဒါကြောင့်မို့ အခုလို ဥတုကပ်ဘေးကို မကြုံစဖူးအလူးအလဲခံရချိန်မှာ ဝါဒဖြန့်ချိမှုတွေထက် နေ့စဉ်ဘဝငြိမ်းချမ်းရေး (everyday peace) အတွက် ချန်ပီယံကောင်းတွေ ပေါ်ဖို့လိုအပ်နေတာပါ။ ကပ်ဘေးကြောင့် နစ်နာဒုက္ခရောက်နေသူတွေကို ကူညီထောင်မတ်ပေးနိုင်မယ့် လက်တွေ့စွမ်းဆောင်ပေးနိုင်သူတွေပဲ လိုအပ်ပါတယ်။ တချိန်တည်းမှာ ဆင်းရဲမွဲတေခြင်းကလည်း ဒုက္ခပေါင်းစုံနဲ့ ရုန်းကန်ရင်ဆိုင်နေကြရတဲ့ ကျေးမွဲတွေအတွက် 'ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ' ဖြစ်နေပါတယ်။ သူတို့အဖို့ ဒုက္ခပေါင်းစုံကို ရင်ဆိုင်ကြရုံကလွဲပြီး ပိုကောင်းလာအောင် ဖြေရှင်းဖို့ အင်အားမရှိလှပါဘူး။ ပြင်ပက ကယ်ဆယ်ကူညီမှုတွေ ရနိုင်ဖို့ကလည်း မလွယ်ကူဘဲ ခေါင်းပါးလှပါတယ်။ သူတို့တွေအတွက် ရေရှည်ခံတဲ့ ပြန်လည်တည်ဆောက်ရေး၊ ကြိုတင်သတိပေးစနစ်၊ ဆက်သွယ်ရေးနည်းပညာ ဒါမှမဟုတ် ကပ်ဘေးတုံ့ပြန်မှု ကိစ္စတွေအတွက်လည်း အရင်းအမြစ် နည်းပါးလွန်းလှပါတယ်။ မဖြစ်နိုင်သလောက်ပါပဲ။

အချုပ်ဆိုရရင် ပဋိပက္ခနဲ့ ဥတုကပ်ဘေးရဲ့ ဆက်နွှယ်မှုဟာ နှစ်ခုစလုံးအခြေအနေ ပိုဆိုးဖို့ အပြန်အလှန်မီးထိုးပေးသလို ဖြစ်စေပါတယ်။ ပဋိပက္ခတွေရဲ့ စစ်စီးပွားရေး (အထူးသဖြင့် သဘာဝသယံဇာတ လွန်လွန်ကျူးကျူးထုတ်ယူတဲ့ စီးပွားရေး)ကြောင့် ဥတုကပ်ကို ပိုလို့ အဆင်းဘီးတပ်ပေးသလို၊ ဥတုဘေးကြောင့်ဖြစ်တဲ့ အရင်းအမြစ်နဲ့ အခွင့်အလမ်းရှားပါးမှုမှာ လက်နက်ရှိသူတွေကပဲ 'အပေါ်စီးရောက်တဲ့သူ အကုန်ယူ၊ ဖိတ်ချင်းဖိတ် ပါဝါမာတဲ့ငတေ့ အိတ်ထဲပဲဖိတ်'ဆိုတဲ့ အကျင့်အကြံနဲ့ စစ်ဘုရင်ဝါဒလေ့တွေ ပိုအားကောင်းလာတာပါပဲ။ စစ်နဲ့ ဥတုကပ်ဆိုတဲ့ ဘေးအမြွှာနှစ်သွယ်ကြောင့် ပြည်သူတွေမှာ အိုးအိမ်နေရပ် စွန့်ခွာရမှုတွေ ပိုများလာ၊ ကျေးမွဲနင်းပြားတွေမှာ တဝမ်းတခါး အသက်မွေးဝမ်းကျောင်းရ အငတ်ဘေးပါ ကြုံလာရပြီး၊ လူသားဘဝလုံခြုံရေး အကျပ်တည်းဆုံး ဖြစ်လာတော့တာပါပဲ။ လူ့အဖွဲ့အစည်းရဲ့ ကြံ့ကြံ့ခံနိုင်စွမ်းနည်းလာရုံသာမက ပဋိပက္ခတွေကို ဖြေရှင်းနိုင်စွမ်းမှာလည်း ချည့်နဲ့လို့ အဆိုးကျော့သံသရာမှာပဲ မျောသွားရပါတယ်။ စစ်နဲ့ ဥတုဘေးနှစ်သွယ် ကြုံနေရပြီဆိုရင် ဝါဒရေးရာ ဒိဋ္ဌိမာန်မာနနဲ့ 'ငါလုပ်မှပြီးမှာ' ငါမှငါသာဆိုပြီး အနာဂတ်ရဲ့ လောကနိဗ္ဗာန်ငြိမ်းချမ်းရေးကို မစားရဝမခန်း ပြောနေသူတွေထက် နေ့စဉ်ဘဝငြိမ်းချမ်းရေး (everyday peace) အတွက် ချန်ပီယံကောင်းတွေ လူ့အဖွဲ့အစည်းထဲ၊ ရပ်ထဲရွာထဲက ပေါ်ထွက်လာဖို့ ကြိုးစားကြရမယ်၊ အားပေးကြရမယ်လို့ ရှုမြင်ပါတယ်။ ■

အခြား သတိပြုစရာ အကြောင်းအချက်များကိုလည်း သံခိပ်သဘော ပြောပြလိုသဖြင့် ‘အလေးပေးဖော်ပြလိုသည်များ (Spotlights)’ ကဏ္ဍကို ထည့်သွင်းထားခြင်းဖြစ်သည်။ များပြားလှသောအကြောင်းအရာများအနက် **သတိပြုစရာ နှစ်ခု**ကို ကောက်နုတ်ဖော်ပြထားပါသည်။

---

## ● စစ်ကောင်စီ၏ သဲကြီးမဲကြီး လေကြောင်းတိုက်ခိုက်မှု


တိုင်းစစ်ဌာနချုပ်ကျဆုံးရမှုအပြင် နောက်ထပ် မြို့ကြီးတချို့ကိုပါ လက်လွှတ်လိုက်ရပြီး အရှုံး အတောမသတ်နိုင်သေးတဲ့ စစ်ကောင်စီဟာ လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်တာတွေကို သဲကြီးမဲကြီး လုပ်ဆောင်လာပါတယ်။ ဇွန်လကုန်ပိုင်းက တကျော့ပြန်စတင်ခဲ့တဲ့ ‘၁၀၂၇ စစ်ဆင်ရေး’နဲ့အတူ စစ်ပွဲတွေက မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေဆီ ချဉ်းလာပါတယ်။ မန္တလေးတိုင်းအတွင်းက မိုးကုတ်၊ သပိတ်ကျင်းနဲ့ စဉ့်ကူးမြို့တွေကိုလည်း တော်လှန်ရေးအင်အားစုတွေက သိမ်းယူနိုင်ခဲ့ကြပြီး မန္တလေးကိုပါ ခြိမ်းခြောက်လာနေပါတယ်။ စစ်ကောင်စီရဲ့တုံ့ပြန်ပုံက မြောက်ပိုင်းညီနောင်မဟာမိတ်သုံးဖွဲ့ဖြစ်တဲ့ MNDAA၊ TNLA နဲ့ AA တို့ကို စက်တင်ဘာ ၂ ရက်မှာ ‘အကြမ်းဖက်အဖွဲ့အစည်း’တွေအဖြစ် ကြေညာခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ စစ်ကောင်စီအာဘော်သတင်းစာတွေမှာ ‘အပြစ်မဲ့ပြည်သူတွေကို လူသားတံတိုင်း အလုပ်မခံဖို့နဲ့ တပ်မတော်အနေနဲ့ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမယ်၊ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမယ်’ဆိုပြီး နေ့စဉ်ဖော်ပြကြေညာနေပါတယ်။ အဓိကတုံ့ပြန်ပုံက လေကြောင်းကနေဗုံးကြဲမှု ပိုလို့ သဲသဲမဲမဲ လုပ်ဆောင်လာတာပါ။ တဖက်မှာလည်း လူထုနဲ့ အတိုက်အခံပြုနေသူတွေကို ကြောက်လန့်စေဖို့နဲ့ ‘မြေကျွန်ရင်တော်ပြီ’ဆိုတဲ့ အယူအဆကို ပြင်းပြင်းထန်ထန် အကောင်အထည်ဖော်လာနေပါတယ်။

စက်တင်ဘာလဆန်းပိုင်းမှာတော့ စစ်ကောင်စီဟာ ကချင်၊ ရှမ်း(မြောက်)၊ ရခိုင်နဲ့ ကရင်နီအပြင် စစ်ကိုင်းတိုင်းအတွင်းမှာ လေကြောင်းတိုက်ခိုက်မှုတွေကို အရှိန်မြှင့်ပြီးလုပ်ဆောင်ခဲ့ပါတယ်။ ISP-Myanmar က စုဆောင်းခဲ့တဲ့ အချက်အလက်တွေအရ မြောက်ပိုင်းညီနောင်သုံးဖွဲ့ရဲ့ ‘စစ်ဆင်ရေး ၁၀၂၇’ ဆင်နွှဲနေတဲ့ကာလ (၂၀၂၃ နိုဝင်ဘာလမှ ၂၀၂၄ ဧပြီလအထိ) ခြောက်လတာအတွင်း လေကြောင်းတိုက်ခိုက်မှု အကြိမ်ရေ သုံးထောင်ကျော်လုပ်ခဲ့ပါတယ်။ ဒါဟာ ပျမ်းမျှတလမှာ အကြိမ်ငါးရာကျော်ဖြစ်ပါတယ်။ ‘စစ်ဆင်ရေး ၁၀၂၇’ ဒုတိယအကျော့ ▶

## နိုင်ငံအနှံ့ လေကြောင်းတိုက်ခိုက်မှုပေါင်း ၇,၁၀၀ ကျော် ရှိခဲ့

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၆ ရက်အထိ)

စစ်အာဏာသိမ်းမှုအလွန် နိုင်ငံအနှံ့ လက်နက်ကိုင်ပဋိပက္ခများအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုပေါင်း **၇,၁၈၆ ကြိမ်ထက်မနည်း** ရှိခဲ့သည်။ လေကြောင်းတိုက်ခိုက်ခံရမှုများ၏ **၅၄ ရာခိုင်နှုန်းနီးပါး (၃,၈၆၄ ကြိမ်ထက်မနည်း)**သည် 'စစ်ဆင်ရေး ၁၀၂၇'နောက်ပိုင်း တနှစ်နီးပါးကာလအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း လေကြောင်းတိုက်ခိုက်မှု **အကြိမ် ၆၅၀ ကျော်**ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့သည်။





မှတ်ချက် - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြားလွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့်လည်း တိုက်ဆိုင်စစ်ဆေးထားပါသည်။ မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှု အကန့်အသတ်များကြောင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

ကာလ ပြီးခဲ့တဲ့သုံးလတာကို ပြန်ကြည့်ရင် ဇူလိုင်လမှာ ၇၁ ကြိမ်၊ ဩဂုတ်လမှာ ၂၂၉ ကြိမ်နဲ့ စက်တင်ဘာလမှာ ၁၅၂ ကြိမ်ရှိခဲ့တာမို့ အကြိမ်ရေအရ မများဘူးလို့ဆိုနိုင်ပါတယ်။ ဒါပေမဲ့ အရပ်သားတွေ ထိခိုက်သေဆုံးရမှုကတော့ ပမာဏများပါတယ်။ စက်တင်ဘာ ၅ ရက်နဲ့ ၆ ရက်တွေမှာ တရုတ်နယ်စပ်က နမ့်ခမ်းနဲ့ ကရင်နီပြည်နယ်အတွင်းက ဖယ်ခုံမြို့တွေကို တိုက်ခိုက်ခဲ့မှုနှစ်ခုမှာ ကျောင်းတွေနဲ့ စစ်ပြေးဒုက္ခသည်စခန်းချရာတွေ ပါဝင်ခဲ့ပြီး ကလေးသူငယ်နဲ့ အရပ်သား ၂၁ ဦးဝန်းကျင် သေဆုံးခဲ့ရပါတယ်။ ရခိုင်ပြည်နယ် ဘူးသီးတောင်က AA တပ်ဖွဲ့ သိမ်းပိုက်ထားတဲ့ အကျဉ်းသားထိန်းသိမ်းရာစခန်းတခုကို တိုက်ခိုက်ခဲ့ရာမှာ စစ်သုံ့ပန်းတွေအပါအဝင် လူ ၅၀ ကျော် သေဆုံးခဲ့ရပါတယ်။ ဒီလို သဲကြီးမဲကြီး တိုက်ခိုက်မှုတွေက ပိုသည်းထန်နေဖို့ မြင်ရတဲ့အပြင် အဲဒီအပေါ်တုံ့ပြန်လာမယ့် အခြား တန်ပြန်တိုက်ခိုက်မှုတွေကိုလည်း မြင်လာနိုင်ပါတယ်။ ■

## မြို့နယ်ပေါင်း ၁၅၆ မြို့နယ်တွင် လေကြောင်းတိုက်ခိုက်ခံရမှုများရှိခဲ့

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၆ ရက်အထိ)

စစ်အာဏာသိမ်းမှုအလွန် နိုင်ငံအနှံ့ လက်နက်ကိုင်ပဋိပက္ခများအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုပေါင်း **၇,၁၈၆ ကြိမ်ထက်မနည်း** ရှိခဲ့သည်။ လေကြောင်းတိုက်ခိုက်ခံရမှုများ၏ **၂၃ ရာခိုင်နှုန်းနီးပါး (၁,၆၂၅ ကြိမ်ထက်မနည်း)** သည် ရှမ်းပြည်နယ်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အများဆုံးဖြစ်သည်။ မြို့နယ်ပေါင်း **၁၅၆ မြို့နယ်ထက်မနည်း**တွင် လေကြောင်းတိုက်ခိုက်ခံရမှုများ ကြုံခဲ့ရပြီး ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် လေကြောင်းတိုက်ခိုက်မှုပေါင်း **၇၀၃ ကြိမ်ထက်မနည်း** ရှိခဲ့သည်။




မှတ်ချက် - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြားလွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့်လည်း တိုက်ဆိုင်စစ်ဆေးထားပါသည်။

## နွေဦးတော်လှန်ရေးအတွက် အမျိုးသမီးများ၏ ပေးဆပ်အကျိုးပြုမှု

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်တော်လှန်ရာမှာ မြန်မာအမျိုးသမီးတွေရဲ့ အခန်းကဏ္ဍက ကြီးမားပါတယ်။ လမ်းပေါ်ထွက် အုံကြွဆန္ဒပြမှုတွေနဲ့အတူ ထဘီ၊ ပန်း၊ သနပ်ခါး စတဲ့ ပုံစံမျိုးစုံသပိတ်တွေကိုလည်း ဆင်နွှဲခဲ့ကြပါတယ်။ တခါ လက်နက်ကိုင်တော်လှန်ရာမှာလည်း အရေးပါတဲ့ ဇာတ်ကောင်တွေအဖြစ် ပါဝင်ကြပြန်ပါတယ်။ စစ်အာဏာသိမ်းဆန့်ကျင်မှု နွေဦးတော်လှန်ရေး သုံးနှစ်ခွဲကာလအတွင်း မြန်မာအမျိုးသမီး ၅,၆၄၉ ဦး ဖမ်းဆီးခံခဲ့ရပြီးပါပြီ။

ဒါတွေနဲ့ပတ်သက်ပြီး နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP) က မှတ်တမ်းတင်ကာ ‘နွေဦးတိုက်ပွဲအတွင်းက အကျဉ်းစံအမျိုးသမီးများ’ဆိုပြီး အစီရင်ခံစာကို စက်တင်ဘာ ၁ ရက်မှာ ထုတ်ဝေခဲ့ပါတယ်။ အဖမ်းခံရသူတွေဟာ အကြောင်းအမျိုးမျိုးသောဖြစ်စဉ်တွေမှာ နိုင်ငံရေးခေါင်းစဉ်တပ်ပြီး စစ်အုပ်စုက ဖမ်းဆီးခဲ့တာလို့ ဆိုပါတယ်။ ဖမ်းဆီးခံရပြီးတဲ့အခါ ညှင်းပန်းနှိပ်စက်တာအပြင် လိင်ပိုင်းဆိုင်ရာ ဆိုးရွားတဲ့စော်ကားမှုတွေ စတဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်း ထိခိုက်ခံစားခဲ့ရပါတယ်။ ပြီးခဲ့တဲ့လပိုင်းအတွင်းမှာပဲ ပဲခူးတိုင်း ဒိုက်ဦးအကျဉ်းထောင်မှာ အမျိုးသမီးအဆောင်တွေထဲကို အကျဉ်းဦးစီးဝန်ထမ်း အမျိုးသားတွေ အုပ်စုလိုက်ဝင်ရောက်ခဲ့ပြီး ဝိုင်းဝန်းရိုက်နှက်တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ တရားရုံးထုတ်တာမှာလည်း အမျိုးသမီးတွေရဲ့ အရှက်နဲ့ဂုဏ်သိက္ခာကို မငဲ့ကွက်ဘဲ လွန်လွန်ကျူးကျူး ရှာဖွေစစ်ဆေးတာတွေကို ခံကြရပါတယ်။ ဖမ်းဆီးခံရသူအများစုက ရန်ကုန်တိုင်းကဖြစ်ပြီး မန္တလေးနဲ့ စစ်ကိုင်းက ဒုတိယနဲ့ တတိယဖြစ်ပါတယ်။

တခါ အမျိုးသမီး ၁,၁၃၂ ဦးဟာလည်း စစ်ကောင်စီရဲ့သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ပါတယ်။ အများစု (၈၂ ရာခိုင်နှုန်း)ကတော့ လက်နက်ကြီးကျည်ထိမှန်လို့၊ လေကြောင်းကနေ တိုက်ခိုက်ခံရလို့၊ ပစ်ခတ်ခံရလို့ ဖြစ်ပါတယ်။ စစ်ကြောရေးမှာ၊ ရဲစခန်းမှာ၊ အကျဉ်းထောင်တွေထဲမှာ သေဆုံးရတာ ၁၀ ရာခိုင်နှုန်းရှိပါတယ်။ ဒါ့အပြင် အဓမ္မပြုကျင့် သတ်ဖြတ်ခံရတာက ၁ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်ပါတယ်။ တော်လှန်ရေးအတွက် အမျိုးသမီးတွေ ထည့်ဝင်ခဲ့ရတဲ့ အရင်းအနှီးက ကြီးမားပါတယ်။ ■

## အာရုံစိုက်ထိုက်သော စကိုးစကားကိုး

### QUOTE OF THE WEEK

‘မြန်မာနိုင်ငံပြဿနာကို စစ်ရေးအရ ဖြေရှင်းလို့မရဘူးဆိုတဲ့ သတင်းစကားကို မြန်မာနိုင်ငံက အစုအဖွဲ့အားလုံးဆီကို တညီတညွတ်တည်း ပေးပို့ဖို့လိုပါတယ်။ စေ့စပ်ညှိနှိုင်း စကားပြောဖို့ အချိန်ရောက်နေပါပြီ။ ဒီအတွက် ထိုင်းနိုင်ငံက ကူညီဖို့အသင့်ပါပဲ’

**ထိုင်းဝန်ကြီးချုပ်**
ပေထုန်တန် ရှင်နာဝပ်ထရာ

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် RFA မြန်မာပိုင်းက ဖော်ပြခဲ့သော **‘မြန်မာ့ပြဿနာ ညှိနှိုင်းချိန်ရောက်နေကြောင်း ထိုင်းဝန်ကြီးချုပ်ပြောကြား’** သတင်းမှ ကောက်နုတ်ချက်။ ထိုစကားရပ်သည် အောက်တိုဘာ ၉ ရက်က ပြုလုပ်သော ၄၄ ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲ၌ ထိုင်းဝန်ကြီးချုပ်က အာဆီယံခေါင်းဆောင်များအား ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

ISP-Myanmar ရဲ့ ဖော်ပြချက်တွေကို
Telegram Channel မှာလည်း ဖတ်ရှုနိုင်ပါတယ်။

ISP Telegram

# ပြည်သူထုကြံ့ကြံ့ခံနိုင်မှု၊ နိုင်ငံတော်စွမ်းဆောင်ရည်နှင့် လူသားချင်းစာနာမှု သံတမန်ရေး

သဘာဝကပ်ဘေးများကျရောက်ချိန်တွင် **‘အမုန်းတရား၊ ပဋိပက္ခနှင့် စစ်ပွဲများကို ချိုး လူသားဆန်မှုနှင့် စာနာမေတ္တာတရား ပို’**ခြင်းဘက် အလေးပေးရမည်သာဖြစ်သည်။

မုန်တိုင်းတို့လို၊ ရေကြီးနစ်မြုပ်မှုလို သဘာဝကပ်ဘေးတွေ ကြုံတွေ့လာရရင် ပြည်သူလူထုတွေရဲ့ ကြံ့ကြံ့ခံနိုင်မှုအပိုင်းကို ထည့်သွင်းပြောဆိုလေ့ရှိကြပါတယ်။ ကြံ့ကြံ့ခံနိုင်မှုကောင်းရင် အချင်းချင်းကူညီဖေးမနိုင်မယ်၊ ပြန်လည်နာလန်ထူနိုင်မှု မြင့်မားမယ်လို့ ယူဆကြတာပါပဲ။ တဖက်မှာလည်း လူထုတွေရဲ့ကြံ့ကြံ့ခံနိုင်မှုက နိုင်ငံတော်ရဲ့စွမ်းဆောင်နိုင်မှု၊ တနည်းဆိုရင် နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းစနစ် (political institutions) တွေနဲ့ များစွာ ပတ်သက်နေကြောင်း လေ့လာမှု သုတေသနဆန်းစစ်ချက် စာပေတွေက ဆိုကြပါတယ်။

နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းစနစ် (အင်စတီကျူးရှင်း) တွေက ကပ်ဘေးအကျပ်အတည်းတုံ့ပြန်မှုအပေါ်မှာ များစွာ သက်ရောက်မှုဖြစ်စေပါတယ်။ အထူးသဖြင့်တော့ နိုင်ငံတော်ရဲ့စွမ်းဆောင်ရည် (state capacity) တနည်း နိုင်ငံရေးဆိုင်ရာ အင်စတီကျူးရှင်းတွေ အားကောင်းတယ်ဆိုရင် အခုဖော်ပြပါ စွမ်းရည်တွေအပေါ်မှာ အားဖြည့်သက်ရောက်မှု ဖြစ်စေပါတယ်။ (၁) သတင်းအချက်အလက်ဆိုင်ရာ စွမ်းရည်၊ (၂) ဆုံးဖြတ်ချက်ချမှတ်မှုနဲ့ အကောင်အထည်ဖော်နိုင်မှု စွမ်းရည်၊ (၃) အတင်းအကျပ် တိုက်တွန်းလုပ်ဆောင်စေနိုင်တဲ့ စွမ်းရည်နဲ့ (၄) လူထုတွေကို နှိုးဆော်တိုက်တွန်းဖို့၊ ပူးပေါင်းဆောင်ရွက်မှုရလာစေဖို့ စွမ်းရည်တွေ ဖြစ်ပေါ်စေနိုင်ပါတယ်။

အခုအနေအထားမှာတော့ မြန်မာနိုင်ငံဟာ ပြည်တွင်းစစ်ပဋိပက္ခအပြင် စစ်အာဏာသိမ်းအကျိုးဆက် ကြီးလေးတဲ့အကျပ်အတည်းနဲ့ပါ ကြုံတွေ့နေရပါတယ်။ နိုင်ငံရေးဆိုင်ရာ အင်စတီကျူးရှင်းတွေလည်း အချည့်နဲ့ဆုံးအနေအထားမှာ ထပ်ဆင့်လာတဲ့ သဘာဝကပ်ဘေးကို ရင်ဆိုင်နေရတာပါ။ တဖက်မှာလည်း စစ်ကောင်စီအုပ်ချုပ်မှုကာလမှာ နိုင်ငံတကာရဲ့ ဝိုင်းကြဉ်ဖယ်ရှားမှုကို ရင်ဆိုင်နေရပြီး လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းတွေကြောင့် နိုင်ငံတကာ ဒဏ်ခတ်ပိတ်ဆို့မှု (sanction) ကိုလည်း ရင်ဆိုင်နေရပါတယ်။ အခုသုံးသပ်ချက်မှာတော့ လက်ရှိ သဘာဝကပ်ဘေးအခြေအနေမှာ ကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတကာပံ့ပိုးကူညီမှုကို ဘယ်လို အထိရောက်ဆုံးရယူနိုင်မလဲ၊ လူသားချင်း

စာနာမှုဆိုင်ရာ သံတမန်ရေးကို ဘယ်လိုချဲ့ထွင်နိုင်မလဲ။ ပြန်လည်နာလန်ထူရေးအတွက် ဘယ်လိုကြိုးပမ်းနိုင်ကြမလဲဆိုတာကို အဓိကဆွေးနွေးချင်တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ သဘာဝကပ်ဘေးကြီးတွေ မကြာခဏကြုံခဲ့ရပါတယ်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း ရိုက်ခတ်ဖျက်ဆီးမှုမှာ မှတ်တမ်းတွေအရ လူပေါင်း ၁၃၀,၀၀၀ ကျော် သေကြေခဲ့ရပြီး ပိုင်ဆိုင်မှုအိုးအိမ် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံတန်ဖိုး ဆုံးရှုံးခဲ့ရပါတယ်။ အဲဒီအချိန်က စစ်အစိုးရဟာ လုံခြုံရေးအကြောင်းပြချက်နဲ့ နိုင်ငံတကာအကူအညီတွေကို ပိတ်ဆို့ခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ အာဆီယံရဲ့ကြားဝင်မှုနဲ့အတူ ကုလသမဂ္ဂအဖွဲ့အစည်းတွေအပါအဝင် သုံးပွင့်ဆိုင်အဖွဲ့ (Tripartite Core Group-TCG) က ကပ်ဘေးပျက်စီးမှု အကဲဖြတ်စစ်ဆေးချက်တွေနဲ့ ပြန်လည်ထူထောင်ရေးအကူအညီတွေ ပေးနိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် မိုးကာလ ရေလွှမ်းမိုးမှုဟာလည်း အတော် ကြီးမားပြင်းထန်ခဲ့ပါတယ်။ ဒီကာလမှာတော့ အရပ်သားတပိုင်းအစိုးရရဲ့ ရှေ့ဆောင်မှုနဲ့အတူ ပွင့်လင်းမှု၊ ခြေခင်းလက်ခင်းသာတဲ့ သံတမန်ရေး အခင်းအကျင်းတွေကြောင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ပိုလို့ကောင်းခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဇူလိုင်လကနေ ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့တဲ့ ရေလွှမ်းမိုးနစ်မြုပ်မှုနဲ့ မြေပြိုမှုတွေကြောင့် မြန်မာနိုင်ငံ ပြည်နယ်နဲ့တိုင်း ၁၄ ခုအနက် ၁၂ ခုမှာ ထိခိုက်မှုတွေ ဖြစ်ပွားခဲ့ပြီး လူ ၁၃၂ ဦး သေဆုံးခဲ့ရပါတယ်။ အထိခိုက်ဆုံး မြို့နယ် ၄၀ မှာ လူဦးရေ ၅ ဒသမ ၂ သန်း ရေလွှမ်းမိုးမှုခံခဲ့ကြရပါတယ်။ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၁ ဘီလီယံတန်ဖိုး ထိခိုက်နစ်နာရပြီး မြန်မာနိုင်ငံဂျီဒီပီ (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်)ရဲ့ ၃ ဒသမ ၁ ရာခိုင်နှုန်းနဲ့ ညီမျှပါတယ်။ အစိုးရက ကူညီကယ်ဆယ်ရေးတွေ အတတ်နိုင်ဆုံး လုပ်ပေးခဲ့ရပြီး ပြန်လည်နာလန်ထူရေးအတွက် နိုင်ငံတကာအလှူရှင်ညီလာခံတွေ စည်းရုံးကျင်းပခဲ့ရပါတယ်။ ပြန်လည်ထူထောင်ရေး လိုအပ်ချက်တွေသိနိုင်ဖို့ အဲဒီအချိန်က ဒုတိယသမ္မတ

ဆိုင်ကလုန်းမိုခါ-
အယ်လ်နီညိုရှေ့ပြေးနှင့် မြန်မာ့ပဋိပက္ခအနာဂတ်

ISP OnPoint အမှတ်-၁၅

SCAN THIS CODE

- ဦးညာဏ်ထွန်း ဦးဆောင်ပြီး ဝန်ကြီးဌာနများ၊ မြန်မာပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများပါဝင်လို့ ၂၀၁၅ ခုနှစ် ရေလွှမ်းမိုးမှုနဲ့ မြေပြိုမှုများအလွန် လိုအပ်ချက်များဆိုင်ရာ အကဲဖြတ်ချက် Post-Flood and Landslides Needs Assessment (PFLNA) ကို လုပ်ခဲ့ပါတယ်။ နိုင်ငံတကာအကူအညီအတွက် ကတိကဝတ်ပြုမှုတွေရရှိအောင် ကြိုးပမ်းခဲ့ကြရပါတယ်။

၂၀၂၃ ခုနှစ် မိုခါမုန်တိုင်း သက်ရောက်မှုကလည်း ပြင်းထန်ပါတယ်။ အာဏာသိမ်းပြီးတဲ့ကာလ ဖြစ်တဲ့အလျောက် စစ်ကောင်စီက လုံခြုံရေးကို အဓိကထားကိုင်တွယ်ခဲ့သလို၊ နိုင်ငံတကာဘက်က အကူအညီကမ်းလက်တွေနဲ့ ပြည်တွင်းအား ရေဘေး ပရဟိတအလှူတွေကိုလည်း သတိထား ကန့်သတ်ခဲ့ပါတယ်။ ကြိုတင်သတိပေးနိုင်မှုကြောင့် အသေအပျောက် နည်းခဲ့ပေမဲ့ မြန်မာနိုင်ငံဒေသအများက လူဦးရေ ၅ ဒသမ ၄ သန်းအပေါ် သက်ရောက်ခဲ့ပါတယ်။ သဘာဝကပ်ဘေး ကယ်ဆယ်ရေးအကူအညီတွေကို အိမ်နီးချင်းနိုင်ငံတွေနဲ့ အထူးသဖြင့် အာဆီယံအဖွဲ့ သဘာဝကပ်ဘေးစီမံမှုနဲ့ လူသားချင်းစာနာမှုအကူအညီညှိနှိုင်းရေးစင်တာ ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Centre) က ရယူနိုင်ခဲ့ကြပါတယ်။ AHA စင်တာကပဲ ပျက်စီးမှုအကဲဖြတ်ချက်တွေ ဆောင်ရွက်ခဲ့ရပါတယ်။

၂၀၂၄ ခုနှစ် ရေလွှမ်းမိုးနစ်မြုပ်မှု၊ မြေပြိုမှု အပျက်အစီးတွေကလည်း ပြင်းထန်လှပါတယ်။ ‘ပြည့်အင်အားဟာ ပြည်တွင်းမှာပဲရှိတယ်’ဆိုတာနဲ့ မလုံလောက်ပါဘူး။ နိုင်ငံရေးပဋိပက္ခထက် ပြည်သူကိုမျက်နှာမူဖို့ လိုအပ်ပါတယ်။ နိုင်ငံတကာအကူအညီကို လက်ကမ်းနိုင်ရေးအတွက် လူသားချင်းစာနာမှု သံတမန်ရေးမျက်နှာစာကို တိုးချဲ့ဖို့လိုအပ်ပါတယ်။ ဒီတခေါက်လည်း သေချာတာက AHA ကတဆင့် အိမ်နီးချင်းတွေအပါအဝင် နိုင်ငံတချို့ ကူညီကြမှာ မလွဲပါဘူး။ ဒါပေမဲ့ အကန့်အသတ် ရှိနေပါတယ်။ ကပ်ဘေးပျက်စီးရမှု အကဲဖြတ်ချက်တွေကစလို့၊ နိုင်ငံတကာအလှူရှင်တွေကို ညီလာခံတခု စည်းရုံးနိုင်ဖို့၊ ဥတုကပ်ဘေး ပြင်းထန်လာတဲ့ကာလမှာ အခြားဒဏ်ခံရတဲ့ နိုင်ငံတွေအကြား ကိုယ့်ဘက်ကို စာနာနားလည်မှုရရှိနိုင်ဖို့က နိုင်ငံရေးဖြစ်ပါတယ်။ ‘အမုန်းတရား၊ ပဋိပက္ခနဲ့ စစ်ပွဲတွေကို ချို၊ လူသားဆန်မှုနဲ့ စာနာမေတ္တာတရား ပို’ရမယ့်အချိန် ဖြစ်ပါတယ်။ သဘာဝကပ်ဘေး အလွန်ကာလ နိုင်ငံတော်စွမ်းဆောင်ရည်နဲ့ လူသားချင်းစာနာမှုသံတမန်ရေး ပါးရည်နပ်ရည် ဘယ်လိုရှိမလဲဆိုတာဟာ အထူးစောင့်ကြည့် လေ့လာသင့်တဲ့ကိစ္စ ဖြစ်ပါတယ်။ ■

ISP က ဖတ်နေသည်များ

WHAT ISP IS READING

# အယ်လ်နီညို-လာနီညာ အပြောင်းအလဲ၊ ဥတုကပ်ဘေးနှင့် အရေးပေါ်ဆက်သွယ်ရေး အစီအမံ

မြန်မာနှင့် ကမ္ဘာ့ရာသီဥတုအပေါ် သက်ရောက်စေသော အစွန်းရောက် ရာသီလက္ခဏာ အယ်လ်နီညိုမှသည် လာနီညာဘက်သို့ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

---

အခုတလော ရေလွှမ်းမိုးမှုသတင်းတွေနဲ့အတူ သဘာဝကပ်ဘေး ဖြစ်နေချိန်၊ လူတွေစိုးရိမ်ထိတ်လန့် ဖြစ်နေချိန်မှာ 'ကောလာဟလနဲ့ သတင်းတု၊ သတင်းမှား'တွေကလည်း ထွက်ပေါ်ပျံ့နှံ့လေ့ရှိတာကို သတိပြုကြဖို့ နှိုးဆော်မှုတွေကို တွေ့နေရပါတယ်။ အခြေအနေတွေကို ပိုမိုရှုပ်ထွေးဆိုးရွားစေပြီး အဖျက်သဘောနဲ့ တမင်ရည်ရွယ် ဖန်တီးကြတာလည်း ဖြစ်နိုင်ပါတယ်။ ဆိုရှယ်မီဒီယာထက်မှာ အမှန်၊ အမှား အတည်မပြုနိုင်သေးခင် ဖိုးရှယ်ချင်၊ မယ်ရှယ်ချင်တွေက စေတနာတလွဲနဲ့ မြင်သမျှရှယ်နေကြတာကလည်း လူတွေကို ပိုထိတ်လန့်စေနိုင်ပါတယ်။ မသမာမှုနဲ့ သတင်းမှားတွေပျံ့နှံ့စေချင်တဲ့ လူတချို့လည်း ရှိနိုင်ပါတယ်။ ဒီအခြေအနေမှာ ထိရောက်ပြီးစနစ်ကျတဲ့ ဥတုကပ်ဘေး အရေးပေါ်ဆက်သွယ်ရေး အစီအမံ တရပ် လိုအပ်နေပါတယ်။

မြန်မာနိုင်ငံက ကမ္ဘာလုံးဆိုင်ရာ ဥတုကပ်ဘေးညွှန်းကိန်းတွေမှာ ထိခိုက်မှု ဖြစ်နိုင်ခြေအရှိဆုံး ဒုတိယမြောက်နိုင်ငံအဖြစ် သတ်မှတ်ခံထားရပါတယ်။ ပိုလို့ အရိပ်တကြည့်ကြည့်နဲ့ စောင့်ကြည့် သတိထားသင့်ပါပြီ။ ဒီကြားထဲမှာပဲ မြန်မာနဲ့ ကမ္ဘာ့ရာသီဥတုအပေါ် သက်ရောက်စေတဲ့ အစွန်းရောက် ရာသီလက္ခဏာ အယ်လ်နီညိုကနေ လာနီညာဘက်ကို ပြောင်းလဲလာခဲ့ပါပြီ။ အယ်လ်နီညို (El Niño)နဲ့ လာနီညာ (La Niña) ဆိုတာကတော့ ကမ္ဘာကြီးတခုလုံးနဲ့ ဒေသအတွင်း ဥတုရာသီဖြစ်ပေါ်မှုတွေကို သက်ရောက်စေတဲ့ လက္ခဏာကြီးတွေဖြစ်ပါတယ်။ သဘာဝအလျောက် လေစီးကြောင်း၊ သမုဒ္ဒရာရေစီးကြောင်း အပူအအေးတွေ ပြောင်းလဲကြပုံဖြစ်ပါတယ်။ ဒါပေမဲ့ ကြီးမားတဲ့ပြဿနာက ဥတုကပ်ဘေး ဖောက်ပြန်ပြောင်းလဲမှု (climate change) ပြင်းထန်လာတဲ့ကာလမှာ ဒီသွင်ပြင်လက္ခဏာတွေက အချိန်ပိုကြာကြာ ဖြစ်နေတာ၊ ပုံမှန်မဖြစ်နိုင်တာတွေ ရှိလာနေတာပါပဲ။ မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့နှစ် ရခိုင်နဲ့ အချို့ဒေသတွေကို တိုက်ခတ်ဖျက်ဆီးသွားတဲ့ 'မိုခါမုန်တိုင်း'ဟာ အယ်လ်နီညို ရာသီဥတုအကြိုမှာ ဖြစ်ပေါ်ခဲ့ပြီး အခုအခါမှာတော့ လာနီညာဘက်ကို ပြောင်းလဲနေခဲ့ပြီလို့ မိုး/ဇလပညာရှင်တွေက ဖော်ပြသတိပေးနေကြပါတယ်။

အယ်လ်နီညိုက ခြောက်သွေ့ပူပြင်းတဲ့ လက္ခဏာဆောင်ပြီး အချို့နေရာတွေမှာ မိုးကြီးရေလျှံ အချို့နေရာတွေ ရေခန်းခြောက်တာမျိုး ဖြစ်တတ်ပါတယ်။ အခု ပြောင်းလဲလာတဲ့ လာနီညာ လက္ခဏာကတော့ ပိုမိုအေးစေပါမယ်။ ကုန်သည်လေစီးကြောင်း (Trade winds)တွေ ပို ပြင်းထန်မယ်။ သက်ရောက်မှုအနေနဲ့ ကမ္ဘာကြီးတခုလုံးမှာ ပိုလို့ အေးလာပါမယ်။ တောင် အမေရိက၊ တောင်အာဖရိကနဲ့ အမေရိကန်ပြည်ထောင်စု တောင်ပိုင်းဒေသတွေမှာတော့ ရေရှားပါးခန်းခြောက်မယ်။ အတ္တလန္တိတ်သမုဒ္ဒရာထဲမှာ ဟာရီကိန်းမုန်တိုင်းတွေ ပိုလို့များ လာမယ်။ အာဖရိကတိုက်အရှေ့ပိုင်းမှာ ရေလွှမ်းမိုးမယ်၊ အာဖရိကတိုက်တောင်ပိုင်းကျ တော့ ရေခန်းခြောက်ပါမယ်။ **အာရှတိုက်နိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာနဲ့ ထိုင်းနိုင်ငံတွေမှာတော့ ရေလွှမ်းမိုးမှုတွေ ပိုဖြစ်ပါမယ်။** ဥရောပတိုက်နဲ့ အမေရိကမြောက်

## အယ်လ်နီညိုနှင့် လာနီညာ ရာသီဥတုဖြစ်စဉ်များ


ပစိဖိတ်သမုဒ္ဒရာတွင် ဆန့်ကျင်ဘက်ဖြစ်သော အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကြောင့် ရာသီဥတု၊ တောမီးများနှင့် ဂေဟစနစ်အပေါ် ထိခိုက်သက်ရောက်စေပြီး ကမ္ဘာတဝန်းလုံး စီးပွားရေးကိုလည်း ထိခိုက်စေသည်။ အချို့နှစ်များတွင် ဖြစ်စဉ်တခုချင်းသည် အချိန် ကိုးလခန့်ကြာမြင့်တတ်သည်။ အစဉ်သဖြင့် နှစ်နှစ်နှင့် ခုနစ်နှစ်အကြားတွင် ဖြစ်ပေါ်တတ်သည်။ လာနီညာရာသီဥတုဖြစ်စဉ်သည် အယ်လ်နီညိုဖြစ်စဉ်ပြီးနောက် တနှစ်၊ နှစ်နှစ်အကြာတွင် ဖြစ်ပေါ်တတ်သည်။

### အယ်လ်နီညို

ယောကျ်ားငယ်လေး သို့မဟုတ် ဒီဇင်ဘာလတွင် အမြင့်မားဆုံး ဖြစ်တတ်သောကြောင့် 'Christ Child'ဟု အမည်ပေးခံရသည်။
**သမုဒ္ဒရာ မျက်နှာပြင်ကို ပူနွေးစေသည်။**

၁ ကုန်သည်လေ အားပျော့စေသည်။

၃ ပုံမှန်ထက် မိုးများသည်။





၂ ရေမျက်နှာပြင်နွေးထွေးမှု စုပြုံလာခြင်းကြောင့် ငါးများ အဝေးသို့ ပြောင်းရွှေ့စေသည်။ သေဆုံးစေသည်။

ကမ္ဘာ့ အခြားနေရာများတွင် ရေခန်းခြောက်ရှားပါးမှု ဖြစ်စေသည်။

### လာနီညာ

မိန်းမငယ်လေး သို့မဟုတ် 'El Viejo' သို့မဟုတ် အယ်လ်နီညို၏ ဆန့်ကျင်ဘက်ဟု အမည်ပေးခံရသည်။
**သမုဒ္ဒရာ မျက်နှာပြင်ကို အေးလာစေသည်။**

၁ ကုန်သည်လေ အားကောင်းလာစေသည်။




၃ ပုံမှန်ထက် မိုးများသည်။

၂ ရေသည် ပုံမှန်ထက် ဒီဂရီအနည်းငယ် ပိုအေးသည်။

Sources: NOAA, WMO

AFP

- ပိုင်းမှာ ပိုလို့အေးမယ်၊ သြစတြေးလျတိုက်မှာတော့ မိုးကြီး၊ ရေလွှမ်း၊ ပိုလို့အေးနေတဲ့ ရာသီဥတုမျိုး ဖြစ်မယ်လို့ သုံးသပ်ထားကြပါတယ်။ အယ်လ်နီညိုဥတုရာသီက ဇွန်လက စတင်ဆုတ်ခွာလာခဲ့ပြီး မြောက်ကမ္ဘာခြမ်းမှာတော့ စက်တင်ဘာလမှာ ကုန်ခဲ့ပါပြီ။ အခု စတင်ဖြစ်ပေါ်လာတဲ့ လာနီညာဥတုလက္ခဏာက မြောက်ကမ္ဘာခြမ်းမှာ စက်တင်ဘာ-နိုဝင်ဘာဆိုရင် စတင်သက်ရောက်ခဲ့ပါပြီ။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ-မတ်လအထိ တည်ရှိနေမယ်လို့ သုံးသပ်ကြပါတယ်။

အကြိမ်ရေ ပိုစိပ်လာ၊ ပိုမိုပြင်းထန်လာတဲ့ ဥတုကပ်ဘေးတွေကို ဘယ်လိုစီမံခန့်ခွဲကြမလဲဆိုတာနဲ့ ကပ်ဘေးကာလ ဆက်သွယ်ရေးကိစ္စတွေဆီ ပြန်သွားကြပါစို့။ သဘာဝကပ်ဘေးစီမံခန့်ခွဲမှုကိစ္စတွေမှာ အဆင့်အားဖြင့် လေးဆင့်ရှိတယ်လို့ ဆွေးနွေးကြပါတယ်။ (၁) ကြိုတင်ကာကွယ်မှု၊ (၂) ပြင်ဆင်ထားမှု၊ (၃) ကပ်ဘေးတုံ့ပြန်မှုနဲ့ (၄) အရေးပေါ်ပြန်လည်ထူထောင်ရေးကိစ္စများပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း အမျိုးသားအဆင့်ကနေ၊ မြို့နယ်-အောက်ခြေအဆင့်အထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်တွေနဲ့ ကော်မတီတွေ ဖွဲ့စည်းထားရှိပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ဥပဒေတွေလည်း ပြဋ္ဌာန်းထားရှိပါတယ်။ သဘာဝကပ်ဘေး ဆက်သွယ်ပြန်ကြားရေးအပိုင်းမှာတော့ အားနည်းချက်တွေရှိနေတယ်လို့ ယူဆပါတယ်။ မြန်မာနိုင်ငံမှာ အရင်ကတည်းက မိုးလေဝသနဲ့ ဇလဗေဒဦးစီးဌာနရဲ့ ဝက်ဘ်ဆိုက်စာမျက်နှာ (https://www.moezala.gov.mm/my) က အတော်လေး သတင်းပြည့်စုံပါတယ်။ မုန်တိုင်း၊ ဒီရေ၊ မြစ်ရေကြီးခြင်း သတိပေးချက်တွေအပါအဝင် လျှပ်တပြက်ရေကြီးနိုင်မှုဆန်းစစ်ခြင်း သတိပေးချက်တွေအထိ ပါဝင်ပါတယ်။ ဒါပေမဲ့ အဲဒီဝက်ဘ်ဆိုက်စာမျက်နှာကို လူဘယ်လောက်များများ ဝင်ရောက်ကြည့်ရှုနေကြသလဲနဲ့ ဘယ်လို ကိုးစားစောင့်ကြည့်နေကြသလဲဆိုတာက အရေးကြီးပါတယ်။

တူလိန်းတက္ကသိုလ် ပြည်သူ့ကျန်းမာရေးနဲ့ အပူပိုင်းဆိုင်ရာ ဆေးပညာကျောင်းရဲ့ ဆောင်းပါးတပုဒ်မှာတော့ ကပ်ဘေးကာလ ဆက်သွယ်ပြန်ကြားရေးအတွက်ကို အကြံပြုထားတာတွေ ရှိနေပါတယ်။ ဒီလိုဆက်သွယ်ပြန်ကြားရေးမှာ ကြိုတင်လက်ဦးမှုယူဆက်သွယ်ရေးနဲ့ တုံ့ပြန်ဆောင်ရွက်မှုဆက်သွယ်ရေး (Proactive and reactive communication) က အရေးကြီးတယ်လို့ဆိုပါတယ်။ သတင်းတွေ ပြည်သူတွေဆီ မြန်မြန်ရောက်ရှိရေးက အရေးကြီးပါတယ်။ အလားတူပါပဲ ကပ်ဘေးဆက်သွယ်ရေးအပေါ်မှာ ယုံကြည်မှုရအောင် တည်ဆောက်ရေး၊ ဘေးဥပဒ်ဖြစ်စေတဲ့ သတင်းတုသတင်းမှားတွေအပေါ် တန်ပြန်ဖြေကြားရေး၊ ကပ်ဘေးကာလမှာ လူထုတွေလိုအပ်တဲ့ သတင်းတွေ ထောက်ပံ့ရေးကိစ္စတွေကလည်း အရေးကြီးလှပါတယ်။

တူလိန်းတက္ကသိုလ် ဆောင်းပါးဆွေးနွေးချက်မှာတော့ အောင်မြင်တဲ့ ကပ်ဘေးကာလဆက်သွယ်ရေး အစီအစဉ် အဆင့်ရှစ်ခုကို ဖော်ပြထားခဲ့ပါတယ်။ အဲဒါတွေကတော့-

၁။ ဖြစ်ပေါ်နိုင်တဲ့ကပ်ဘေးတွေကို ကြိုတင်မျှော်လင့်ထားတာ
၂။ အဖွဲ့စုဖွဲ့ထားတာနဲ့ ပြောရေးဆိုခွင့်ရှိသူ တဦး/တွေကို ရွေးချယ်သတ်မှတ်ထားတာ
၃။ လုပ်ရှားမှုအစီအစဉ်တွေကို ပူးပေါင်းဆောင်ရွက်တာနဲ့ ထူထောင်ထားတာ
၄။ ရှင်းလင်းတဲ့ သတင်းစကားကို ပြောတာ
၅။ အရေးပါတဲ့အင်အားစုတွေ (Stakesholders) ကို သတ်မှတ်ဖော်ထုတ်ထားတာနဲ့ အုပ်စုတခုချင်းစီအတွက် လျော်ညီစွာပြင်ဆင်ထားတဲ့ သတင်းစကားပေးတာ
၆။ နောက်ဆုံး အခြေအနေတွေကို သိရှိ/ဆက်သွယ်နေတာ
၇။ လူမှုမီဒီယာအသုံးပြုတာအတွက် မဟာဗျူဟာတွေ ချမှတ်ထားတာ
၈။ ကပ်ဘေးကာလ ဆက်သွယ်ရေးစနစ်တွေကို တည်ဆောက်ထားတာတွေ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ တခါတလေ ပုဂ္ဂလိကဘဏ်တွေက အနှစ်အသားမရှိ သတင်းတိုတွေ ပို့နေတတ်ပေမဲ့ အခုတကြိမ်ရေလွှမ်းမိုးမှုမှာ တာဝန်ရှိသူတွေရဲ့ သတင်းတိုတွေ (SMS messages) ပေးပို့တာ မရရှိခဲ့ကြပါဘူး။ ကျန်တာကတော့ ဖုန်းခေါ်ဆိုတာ၊ ရုပ်မြင်သံကြားက သတိပေးတာ၊ အရေးပေါ်ဖုန်းခေါ်နိုင်ဖို့ နံပါတ်တွေ (Hotline) ထားရှိတာ၊ ရေဒီယိုက အသံလွှင့်တာ၊ လူမှုမီဒီယာကနေ အသိပေးတာ၊ လမ်းမတွေပေါ်မှာ သတိပေးဆိုင်းဘုတ်တွေထားရှိတာမျိုးတွေ လိုအပ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာတော့ လူထုအကြား အကျယ်အပြန့် နားထောင်ကြတဲ့ အက်ဖ်အမ်ရေဒီယို (FM Radios) တွေကို သဘာဝကပ်ဘေးဆက်သွယ်ရေးအတွက် အသုံးပြုကြပါတယ်။ မြန်မာနိုင်ငံမှာတော့ ထိန်းချုပ်မှုများနေဆဲဖြစ်ပါတယ်။ Facebook လို လူမှုမီဒီယာတွေကလည်း ပိတ်ဆို့ခံထားလို့ VPN ကျော်ရ၊ ခွရတာတွေနဲ့ဒုက္ခရောက်နေကြရပါတယ်။ လုံခြုံရေးဦးစားပေးလွန်းတဲ့အမြင်၊ ထိန်းချုပ်မှုများတာတွေက ကပ်ဘေးကာလအတွက် အလုပ်မဖြစ်နိုင်ပါဘူး။ ဆန်းသစ်တီထွင်မှုတွေ လုပ်ဆောင်မှသာ ကောလာဟလ၊ သတင်းတု၊ သတင်းမှားတွေကို တိုက်ဖျက်နိုင်မယ်။ ယုံကြည်ကိုးစားရတဲ့ ကပ်ဘေးဆက်သွယ်ရေးစနစ်တရပ်ကို ထူထောင်နိုင်ကြပါလိမ့်မယ်။ ■

## အကြံပြု မေးမြန်းနိုင်ပါသည်

### FEEDBACK & FEEDFORWARD

'ISP ကပြင်ရပ်ဝန်း'ဆိုတာ လူမှုအသိုက်အဝန်းတခုလို ဖွဲ့စည်းထားတာပါ။ တကြောင်းသွား ဆက်ဆံရေးမျိုး မဟုတ်ပါဘူး။ ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီက အမြင်တွေလည်း ပြန်လည်ကြားသိချင်ပါတယ်။ တုံ့ပြန်အမြင်တွေနဲ့ အကြံပြုချက်တွေကိုလည်း မျှော်လင့်ပါတယ်။ 'ISP ကပြင်ရပ်ဝန်း'ကို ချစ်ခြင်းနဲ့ စည်ပင်မြိုင်ဆိုင်တဲ့ ရပ်ဝန်းတခု ဖြစ်စေလိုပါတယ်။

ဒါကြောင့် အကြံပေးချင်တာ၊ ထပ်သိချင်တာ၊ ပြောပြချင်တာ၊ ဆွေးနွေးချင်တာရှိရင် အခု လက်ခံရရှိတဲ့မေးလ်ကို ပြန်ပြီး ဆက်သွယ်ပြောပြလို့ရသလို၊ 'ISP ကပြင်ရပ်ဝန်း'ဝက်ဘ်ဆိုက်စာမျက်နှာမှာလည်း မှတ်ချက်ဝင်ရေးရင်း လင်းပွင့်လွတ်လပ်စွာ ပြောဆိုဆွေးနွေးနိုင်ပါတယ်။ ဒါ့အပြင် ဖုန်းနံပါတ် +၆၆ ၈၀ ၇၄၇ ၉၇၁၂ ကို ဆက်သွယ်ပြီး Signal, Whatsapp, Viber, Line တွေကတဆင့် လုံခြုံစိတ်ချစွာ ချိတ်ဆက်ဆွေးနွေး ပြောဆိုလို့လည်းရပါတယ်။

| ISP Telegram | ISP YouTube | ISP X (Twitter) |
|---|---|---|

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.